ဧကရီ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့။ Monday, 11 December 2023 ၁၁၃၀၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။**

## ယနေ့ ဖတ်စရာ

**နတ်လသဘင် ရောက်ပြန်လျှင်မူ၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး (၂)**

ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလဆန်းအထိ ပြည်ပပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ (၁၀) ဘီလီယံနီးပါး တင်ပို့နိုင်ခဲ့**

စာမျက်နှာ » ၁၉



**မွေးမြူရေးဆိုင်ရာ ထုတ်ကုန်လုပ်ငန်းဖြစ်သည့် ကျောက်တန်းမြို့မှ ကဏန်းပျော့လုပ်ငန်း**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၂၃

ကြေးမုံ

# စိုက်ပျိုးထုတ်ကုန်မြင့်မား နိုင်ငံ့စီးပွားမြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကဦးစားပေးလုပ်ကိုင်သောနိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်နိုင်သည့် ရေခံမြေခံကောင်းများ နိုင်ငံတစ်ဝန်းတွင်ရှိသည်။ ယင်းကိုအခြေခံ၍ အားကြိုးမာန်တက် မဖြစ်မနေလုပ်ကိုင်ဆောင်ရွက်ကြပါက ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့သော် မြန်မာနိုင်ငံအတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ကိုင်ဆောင်ရွက်ကြသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ကိုယ့်နည်းကိုယ့်ဟန် တီထွင်ကြံဆရင်းနှီးမှုဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ခေတ်အဆက်ဆက်တွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးမှုအားနည်းခဲ့သည်။ ပို့ကုန်နည်းပါးခြင်းနှင့် သွင်းကုန်များပြားခြင်းကြောင့် နှစ်စဉ် ကုန်သွယ်မှုလိုငွေပြခဲ့သည်။ ဥပမာအားဖြင့် လောင်စာဆီနှင့် စားသုံးဆီအမြောက်အမြားကို နှစ်စဉ် ပြည်ပမှဝယ်ယူတင်သွင်းနေရသောကြောင့် နိုင်ငံခြားငွေလိုအပ်ချက် ကြီးမားလာသည်။

စားသုံးဆီအမျိုးမျိုးအတွက် ပြည်တွင်း၌ ဆီထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပမှ နှစ်စဉ်အမြောက်အမြားတင်သွင်းနေရသည်။ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး လိုအပ်ချက်အတွက်လည်း ပြည်တွင်း၌ နွားမွေးမြူရေးကို ကျယ်ပြန့်စွာလုပ်ကိုင်ထုတ်လုပ်နိုင်သော်လည်း ပြည်ပမှ နှစ်စဉ်အမြောက်အမြား တင်သွင်းနေရသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ဆီထွက်သီးနှံစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပသွင်းကုန်လျှော့ချနိုင်ရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသည်။

အလားတူ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးတွင်လည်း လွန်ခဲ့သည့်ဆယ်စုနှစ်ကျော်ကာလကတည်းက ပြင်ဦးလွင်ကော်ဖီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ သို့သော် ကော်ဖီလုပ်ငန်းကို အားပေးဆောင်ရွက်မှုအားနည်းသောကြောင့် မျှော်မှန်းထားသလောက် အောင်မြင်မှုမရခဲ့ပေ။ ယခင်ကတည်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးကို အမှန်တကယ်အားပေး လက်တွေ့စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ထုတ်လုပ်မှုများ ပိုမိုတိုးတက်ကောင်းမွန်နေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပြင်ဦးလွင်ဒေသမှ ကော်ဖီလုပ်ငန်းရှင်များအား မကြာခဏတွေ့ဆုံအားပေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သောကြောင့် ကော်ဖီလုပ်ငန်းများ အထိုက်အလျောက်တိုးတက်လာသည်ကို တွေ့ရသည်။

ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး အရည်အသွေးကောင်းမွန်သည့်ကော်ဖီများကို ပြည်တွင်း၊ ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုကဲ့သို့ နိုင်ငံတော်က အားပေးမြှင့်တင်ဆောင်ရွက်ပေးနေချိန်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားလျှင် နောင်လာမည့်နှစ်များ၌ ကော်ဖီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သည်။ အစိုးရတာဝန်ရှိသူများအနေဖြင့် လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများဖော်ဆောင်ပေးနေချိန်တွင် စီးပွားရေးလုပ်ငန်းရှင်များကလည်း အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်သည်။ ကော်ဖီစီမံကိန်းဆောင်ရွက်ရန် မြေနေရာများ၌ အမှန်တကယ်အင်ပြည့်အားပြည့် လုပ်ဆောင်ခြင်းမရှိသူများကိုလည်း စိစစ်ဖော်ထုတ်ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည့်နည်းတူ ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်စေရန်အတွက် MSME လုပ်ငန်းများကိုလည်း အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းအဆင့်သာမကဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်ထုတ်လုပ်သည့် ထုတ်ကုန်များဖြစ်စေရေး ထုပ်ပိုးမှုနှင့် အရည်အသွေးမြှင့်တင်မှုတို့ ဆောင်ရွက်ရန်လိုအပ်သည်။

ကော်ဖီသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများအားလုံး နှစ်သက်စွာသုံးစွဲသည့်အစားအသောက် ပစ္စည်းတစ်မျိုးဖြစ်သည်။ အရည်အသွေးမီသောကော်ဖီ အလုံအလောက်ထုတ်လုပ်နိုင်ပါက ပြည်တွင်း၌သာမက နိုင်ငံတကာသို့ပါ ကျယ်ကျယ်ပြန့်ပြန့်တင်ပို့ရောင်းချနိုင်ကာ နိုင်ငံ့စီးပွားရေးကောင်းမွန်ပြီး နိုင်ငံခြားငွေများတိုးတက်ရရှိလာမည်ဖြစ်သည်။ အားနည်းမှုများရှိခဲ့သည့် ကော်ဖီလုပ်ငန်းကို ပြန်လည်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲက ပြင်ဦးလွင်မြို့၌ လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ အမှန်တကယ်စိုက်ပျိုးနိုင်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ခဲ့ကာ စိုက်ပျိုးမှုအပေါ်မူတည်၍ ငါးကေမှ ကေ ၅၀ အထိ ခွင့်ပြုပေးခြင်း၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရန်အတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များ ကူညီဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်ပြီး ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများဖြင့် နိုင်ငံအတွင်းရှိ ရေခံမြေခံကောင်းများကို ထိရောက်စွာအသုံးချကာ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။


## "ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်ပြည့်" အထူးထုတ် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ငယ်မည် **"မောင်မောက်"** အမည်ရ အင်းဝခေတ် စာဆိုအကျော် **"ရှင်မဟာရဋ္ဌသာရ"** သည် မြန်မာသက္ကရာဇ် ၈၃၀ ပြည့်နှစ်၊ ခရစ်သက္ကရာဇ် ၁၄၆၈ ခုနှစ်တွင် ဖွားမြင်ခဲ့ရာ ယခုနှစ် ၂၀၂၃ ခုနှစ်တွင် ၅၅၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အင်းဝခေတ်၌ ပျို့၊ ကဗျာ၊ အလင်္ကာ၊ မော်ကွန်း၊ ရတု၊ ဆုံးမစာ စသည့် စာပေအမျိုးအစားပေါင်းစုံကို ရေးသားဖွဲ့ဆိုခဲ့သော မြန်မာစာပေကို ထွန်းတောက်စေခဲ့သည့် အင်းဝခေတ် **"ပေလေးပင်ရှင်လေးပါး"** ဝင် ရဟန်းစာဆိုအကျော် **"ရှင်မဟာရဋ္ဌသာရ"** အား ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် "ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်ပြည့်" အထူးထုတ် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား **ဒီဇင်ဘာ ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နတ်တော်လဆန်း (၁) ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစာတိုက်ကြီးများတွင် ထုတ်ဝေရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် (ဗုဒ္ဓဟူးနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။





သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်နှင့်အဖွဲ့ |



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့်အခြေအနေများနှင့် ရောဂါကုသပျောက်ကင်းသက်သာမှု အခြေအနေများကိုလည်းကောင်း၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကိုလည်းကောင်း တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များ၊ အထွေထွေလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် သားဖွားမီးယပ်နှင့်ကလေးကုသဆောင်၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များကို တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသည့် ကလေးငယ်တစ်ဦးအား ရင်းနှီးနွေးထွေးစွာဖြင့် နှုတ်ဆက်အားပေးစကားပြောကြားစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်တွင်ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

## ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်း ကျောင်းတိုက်သို့ ရောက်ရှိကြပြီး မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ပုညနန္ဒအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးထံသို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံစံတူရုပ်ပွားတော်မြတ်များ၊ လှူဖွယ်ပစ္စည်းများ၊ လားရှိုးမြို့တွင်ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံ ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀၀၀၊ အဝတ်အထည် ၆၀၀၀ ကျော်၊ ဆန်နှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို လှူဒါန်းရာ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးက အမှန်တကယ် လိုအပ်လျက်ရှိသည့် နေရပ်စွန့်ခွာသူများအားလုံး ရရှိစေရေး ခွဲဝေပေးသွားမည့် အခြေအနေများကို ပြန်လည်မိန့်ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ၎င်းတို့၏နေရပ်များတွင် အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့ဒေသများသို့ ပြန်လည် ရောက်ရှိချိန်တွင်လည်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အစိုးရနှင့် တပ်မတော်မှ လိုအပ်သည်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လိုအပ်သည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ထပ်မံ၍လည်း ပေးပို့ပေးမည်ဖြစ်ကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု အမြန်ဆုံးရရှိရေးကို လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားသည်။ ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စားသောက်ဖွယ်ရာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

စာမျက်နှာ ၅ သို့

❖ **လက်ရှိအချိန်တွင် လိုအပ်သည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ထပ်မံ၍လည်း ပေးပို့ပေးမည်ဖြစ်ကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု အမြန်ဆုံးရရှိရေးကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြား**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ပုညနန္ဒထံ လားရှိုးမြို့တွင်ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအတွက် ငွေကျပ်သိန်း ၅၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအတွက် ချီးမြှင့်ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

❍ စာမျက်နှာ ၄ မှ

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည်သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်မှ ပြန်လည်ထွက်ခွာကြရာ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများက လက်ဝှေ့ယမ်းပြနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြပြီး တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအတွက် ချီးမြှင့်ငွေကျပ်သိန်း ၅၀၀၀ ကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ရာ မိသားစုဝင်များက လက်ခံရယူကြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း အောက်တိုဘာ ၂၇ ရက်မှစ၍ MNDAA၊ TNLA၊ AA အဖွဲ့တို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အချို့သောကျေးရွာများ၊ မြို့များ၊ လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံပြည်သူလူထုတို့ အနေဖြင့် ၎င်းတို့၏ နေရပ်မှ တိမ်းရှောင်စွန့်ခွာ၍ လားရှိုးမြို့ရှိ ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးကျောင်းများ၊ ရုံး၊ အဆောက်အအုံများ၌ ယာယီတည်းခိုနေထိုင်ရလျက်ရှိရာ လက်ရှိအချိန်အထိ အိမ်ထောင်စု ၁၄၂၈ စုမှ လူဦးရေ ၄၉၂၂ ဦးခန့် ရောက်ရှိ တည်းခိုနေထိုင်ရလျက်ရှိကြောင်း သိရှိရပြီး ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရန် အစိုးရ၊ တပ်မတော်တို့မှ ဦးဆောင်၍လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကာ ၎င်းတို့၏ နေရပ်များတွင် အေးချမ်းစွာဖြင့် အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရေး နယ်မြေဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို နေ့ညမပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ ကြုံတွေ့ခဲ့ရမှုများနှင့် ယခုကဲ့သို့ လိုအပ်သည်များ လာရောက်ထောက်ပံ့ပေးအပ်သည့်အတွက် ကျေးဇူးတင်စကားများကို ယခုလိုပဲ ကြားသိရပါသည်-





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ကျွန်မတို့က အခုအချိန်မှာ မန်ဆူ ဘုန်းကြီးကျောင်းမှာ စစ်ဘေး ရှောင်နေရတဲ့အတွက်ကြောင့် ကျွန်မတို့မှာ ဒုက္ခအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ မသမာသူတွေကြောင့် ကျွန်မတို့မှာ အိမ်တွေအိုးတွေ ပျက်စီးခဲ့ရတဲ့အတွက်ကြောင့် ကျွန်မတို့မှာ ဒုက္ခအများကြီး ရောက်တာကို မန်ဆူ ဆရာတော်ကြီးကနေ ကူညီမစတဲ့ အတွက်ကြောင့် ကျွန်မတို့မှာ ကောင်းကောင်းစား၊ ကောင်းကောင်း နေရပါတယ်။ အခုလို ကျွန်မတို့ကို အိုးပျက်အိမ်ပျက် ဖျက်ဆီးတဲ့ မသမာသူလူတစ်စုကိုလည်း ရှုတ်ချပါတယ်။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီး လာတဲ့အတွက် ကျွန်မတို့မှာ ပိုပြီးဝမ်းသာရပါတယ်။ သူအခုလို ကျွန်မတို့ဆီကို လာပေးတာကိုလည်းအထူးကျေးဇူးတင်ပါတယ်။ နောက်ထပ်လည်း ဒီလိုဘဝမျိုးမတွေ့အောင် ကျွန်မတို့အမြဲတမ်း ဆုတောင်းနေပါမယ်။



ကျွန်မတို့ ဒီလိုဘဝမျိုး တစ်ခါမှ မကြုံခဲ့ဖူးပါဘူး။ အခုလို အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ နိုင်ငံတော်က ဦးစီးအဖွဲ့အစည်းတွေက ကျွန်မတို့ကို အခုလိုမျိုး ကူညီပံ့ပိုးလို့ အခုလိုမျိုး မန်ဆူဘုန်းကြီးကျောင်းမှာ နေခဲ့ရပါတယ်။ နောက်ကိုလည်း ဒီလိုမျိုးမဖြစ်အောင်လို့ ကျွန်မတို့ အမြဲတမ်း ဆုတောင်းနေပါတယ်။ ဒီလိုမျိုး တိုက်ခိုက်တဲ့ အဖွဲ့အစည်းတွေလည်း မရှိပါစေနဲ့။ ကျွန်မတို့လို အိုးပစ်အိမ်ပစ်တွေ၊ သားသမီးပစ်တွေနဲ့လည်း ပစ်ထားခဲ့ရပါတယ်။ ကျွန်မတို့မှာ စီးပွားရေးတွေ အကုန်လုံးလည်း ပျက်စီးခဲ့ရပါတယ်။ အဲဒီတော့ ဒီလိုမျိုးဖျက်ဆီးယိုယွင်းတဲ့ သူတွေကိုလည်း ဘယ်လိုမှ ထောက်ခံလို့မရပါဘူး။



မိသားစုတွေ အိုးမဲ့အိမ်မဲ့လိုဖြစ်နေပြီးတော့မှ မန်ဆူကြေးဘုရား ဘုန်းကြီးကျောင်းမှာ ရောက်ခဲ့ရပါတယ်။အဲဒီကနေပြီးတော့နိုင်ငံတော်ဝန်ကြီးချုပ်လာပြီးတော့မှ အစစအရာရာ ပြည့်စုံအောင်လုပ်ပေးပါတယ်။ မိသားစုတွေအကုန်လုံး အဆင်ပြေအောင် လုပ်ပေးမယ်လို့လည်း၊ သူလုပ်ပေးမယ်လို့လည်း အကုန်လုံးကို အာမခံပေးသွားပါတယ်။ ကျွန်တော်တို့ အကုန်လုံး အစစအရာရာလည်း ဝေယျာဝစ္စ အကုန်လုံး ပြည့်စုံအောင် လုပ်ပေးသွားပါတယ်။ အကုန်လုံး လာလှူတဲ့အတွက်ရော ကျွန်တော်တို့ ပြည်သူလူထုကို စောင့်ရှောက်ပေးတဲ့ အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။



ဒီကနေ့ ကျွန်တော်တို့ အိမ်နေလူတွေ ဒီကိုတည်းခိုပြီးတော့ စစ်ဘေးရှောင်လာတာ နိုင်ငံတော်အကြီးအကဲတွေ၊ ဒီကတာဝန်ရှိတဲ့ လားရှိုးမြို့ကုန်းမှာ လူကြီးမိဘတွေ လာပြီးတော့ ကျွန်တော်တို့ကို ကူညီပေးတာတော့ အများကြီးကို ကျေးဇူးတင်ပါတယ်။

☆ ကျောဖုံးမှ

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ပသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ထောက်ခံမဲပေးခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့ကြောင်း၊ မဲခွဲဆုံးဖြတ်ချက်အရ ကုလသမဂ္ဂ အထွေထွေညီလာခံက လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights–UDHR)ကို အတည်ပြုထုတ်ပြန်သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့"အဖြစ် သတ်မှတ်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**ကျင်းပလျက်ရှိ**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅)နှစ် ပြည့်မြောက်သည့် အထိမ်းအမှတ် "အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား"များကို ကျင်းပလျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကုလသမဂ္ဂ၏ပြဋ္ဌာန်းချက်များနှင့်အညီ တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် နိုင်ငံတကာအသိုက်အဝန်းနည်းတူ ယခုလို အထိမ်းအမှတ် အခါသမယကို ပါဝင်ကျင်းပခြင်းဖြစ်ကြောင်း။

ကုလသမဂ္ဂက ကမ္ဘာကြီးအတွက် လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့်နှင့် တရားမျှတမှုများကို အခြေခံထားပြီး လူသားများအတွက် လူ့အခွင့်အရေးစံနှုန်းများပါဝင်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြု ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါကြေညာစာတမ်းတွင် အပိုဒ်ပေါင်း ၃၀ ပါရှိပြီး လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် လူသားများ၏ တာဝန်ဝတ္တရားများအကြောင်း တို့ကို ဖော်ပြပါရှိကြောင်း။

**ဘာသာပြန်ဆိုမှုအများဆုံး**

ယင်းကြေညာစာတမ်းသည် လူသားအားလုံး၏ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိမှုတို့ကို အသိအမှတ်ပြုထားသည့် ကြေညာစာတမ်းကြီးဖြစ်၍ ကမ္ဘာကြီးတွင် အဆိုပါ ကြေညာစာတမ်းကို လူသားအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန်အတွက် ဘာသာပြန်ဆိုကြရာတွင် ဘာသာစကားပေါင်း ၅၀၀ ကျော် ဘာသာပြန်ဆိုပြီးဖြစ်သည့် အတွက် ဘာသာပြန်ဆိုမှု အများဆုံး ဂင်းနစ်စံချိန်ဝင်လည်း ဖြစ်သည်ဟု သိရှိရကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံရှိ နိုင်ငံသူ၊ နိုင်ငံသားများ လူ့အခွင့်အရေးများ ရရှိခံစားနိုင်ကြစေရန်နှင့် ကာကွယ်ပေးနိုင်စေရန် နိုင်ငံအတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းကြရန် လိုအပ်ကြောင်း သိမြင်လာသည့်အတွက် နိုင်ငံအသီးသီးတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများ တည်ထောင်နိုင်ရေး ကြိုးပမ်းခဲ့ကြကြောင်း၊ ၁၉၉၁ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ တည်ထောင်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ် ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်း တည်ထောင်ခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် "အခြေခံမူများ"ကိုလည်း သတ်မှတ်ရေးဆွဲခဲ့ကြကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် အဆိုပါ အခြေခံမူများအရ ဖွဲ့စည်းတည်ထောင်ထားရှိပြီးဖြစ်သည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့ အစည်းပေါင်း ၁၂၀ ရှိနေပြီဟု သိရှိရကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို နိုင်ငံသားများ ခံစားရရှိနိုင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၂ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာခြင်း၊ ပြဋ္ဌာန်းဖြည့်ဆည်းပေးခြင်းအားဖြင့် ငြိမ်းချမ်းသာယာသည့် လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးနှင့် ကမ္ဘာ့အသီးသီးတွင် မညီမျှမှုများ၊ ခွဲခြားဆက်ဆံမှုများမရှိစေရေးကို မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အပါအဝင် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့နှင့်အတူ ချိတ်ဆက်ပူးပေါင်း လုပ်ဆောင်လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်စဉ်။

❖ **ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့သည် အပြန်အလှန် ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ လူသားများ အေးအေးချမ်းချမ်းနှင့် အဆင်ပြေပြေ အသက်ရှင်ရပ်တည်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝမြင့်မားကာ အခြေခံလူ့အခွင့်အရေးများကိုလည်း ပိုမိုရရှိခံစားနိုင်ကြမည်ဖြစ်**

❖ **နိုင်ငံသူ၊ နိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုဘဝ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကကျ**

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများ အပေါ်နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်များနှင့်ဆက်စပ်သည့် နောက်ဆက်တွဲစာချုပ်အချို့ကိုလည်း ပါဝင်ချုပ်ဆိုကာ စာချုပ်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

**လူ့အခွင့်အရေးများ ထိပါးခံနေကြရ**

ယနေ့အချိန် ကမ္ဘာကြီးတွင် စစ်မက်ဖြစ်ပွားမှုနှင့် မငြိမ်းချမ်းမှုများ၊ နိုင်ငံအချင်းချင်း အားပြိုင်မှုများနှင့် စွက်ဖက်ခြယ်လှယ်ကျူးကျော်လိုမှုများ၊ ကပ်ရောဂါများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် လူသားများ၏ အခြေခံလူ့အခွင့်အရေးများ ထိပါးခံနေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့သည် အပြန်အလှန် ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ လူသားများ အေးအေးချမ်းချမ်းနှင့် အဆင်ပြေပြေ အသက်ရှင်ရပ်တည်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝမြင့်မားကာ အခြေခံလူ့အခွင့်အရေးများကိုလည်း ပိုမိုရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုဘဝမြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကကျကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အဆိုပါအချက်ကို ကောင်းစွာသိရှိနားလည်သည့်အတွက် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ လျော့နည်းပပျောက်ပြီး ငြိမ်းချမ်းမှုများ ရရှိအောင် အားထုတ် ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို မျှော်မှန်းတည်ဆောက်လျက်ရှိပြီး နိုင်ငံရေး ရည်မှန်းချက်အဖြစ် စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းကို အထောက်အကူဖြစ်စေသလို ငြိမ်းချမ်းရေးသည်လည်း နိုင်ငံသားများ လူ့အခွင့်အရေးများ အပြည့်အဝခံစားခွင့် ရရှိရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း။

စာမျက်နှာ ၇ သို့ »»

»»» စာမျက်နှာ ၆ မှ

❖ **နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေရာတွင် တိုင်းရင်းသားပြည်သူအားလုံးက ပါဝင်ဆောင်ရွက်ကြမှသာ ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်တွင် လူ့အခွင့်အရေးများ ရှင်သန်နေမည်**

❖ **လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာလျှင် နိုင်ငံသားအားလုံး၏အကျိုးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်**

လူ့အခွင့်အရေးကို ရိုသေလေးစားကြရန်နှင့် အခြေခံလူ့အခွင့်အရေးများရရှိရန် မည်မျှပင် တိုက်တွန်းကြိုးပမ်းကြသော်လည်း တည်ငြိမ်အေးချမ်းမှု ပျောက်ဆုံးနေလျှင်၊ ဆူပူအကြမ်းဖက်မှုများ လက်နက်ကိုင်တိုက်ပွဲများဖြစ်နေမည်ဆိုလျှင် အဆိုပါဒေသများတွင် လူ့အခွင့်အရေးများသည်လည်း မှေးမှိန်အားနည်းနေမည်ကို သတိထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေရာတွင် တိုင်းရင်းသားပြည်သူအားလုံးက ပါဝင် ဆောင်ရွက်ကြမှသာ ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်တွင် လူ့အခွင့်အရေးများ ရှင်သန်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာလျှင် နိုင်ငံသားအားလုံး၏ အကျိုးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

**ဦးစားပေးဆောင်ရွက်နေ**

မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်း၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် ပြည်သူများ၏ လူ့အခွင့်အရေးကို တိုးမြှင့်ဆောင်ရွက်ပေးခြင်း ဖြစ်ပြီး ထိခိုက်နစ်နာ ဆုံးရှုံးမှုများကို ကာကွယ်ပေးရာရောက်ကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ဆောင်ပုဒ်က "Dignity, Freedom and Justice for all" "လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် အားလုံးအတွက် တရားမျှတမှု" ဖြစ်ကြောင်း၊ "လူသားတိုင်း လွတ်လပ်စွာ မွေးဖွားလာကြပြီး လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်" ဟု ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေးသည် လူသားအားလုံး ရပိုင်ခွင့်ရှိသည့် ပစ်ပယ်၍မရသော မွေးရာပါအခွင့်အရေးဖြစ်ကြောင်း၊ သို့သော် မိမိတို့၏ အခွင့်အရေးကို ရရှိခံစားရာတွင် သူတစ်ပါး၏ အခွင့်အရေးများကိုလည်း လေးစားတန်ဖိုးထားပြီး ထိခိုက်ဆုံးရှုံးနစ်နာမှုမရှိအောင် ကျင့်သုံးမှသာ လူ့အခွင့်အရေးဆိုသည့် အနှစ်သာရနှင့် အဓိပ္ပာယ်သည် ပေါ်လွင်နေမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများစွာနှင့် ပေါင်းစည်းတည်ထောင်ထားသည့် မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန်လေးစားမှုနှင့် လူ့ဂုဏ်သိက္ခာကို အလေးထားကာ အခွင့်အရေးနှင့် လိုက်နာဆောင်ရွက်ရမည့်တာဝန်များကို သိမြင်ကျင့်သုံးဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**မှတ်တမ်းဗီဒီယိုပြသ**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂက ရည်ညွှန်းဖော်ကျူးထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်ပြည့် မှတ်တမ်းဗီဒီယိုနှင့် ၂၀၂၃ ခုနှစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် နာဂတိုင်းရင်းသားဘာသာ ရှစ်မျိုးနှင့် ကချင်(လော်ဝေါ်)တိုင်းရင်းသားဘာသာများသို့ ဘာသာပြန်ဆိုသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းစာအုပ်များကို စတင်မိတ်ဆက်သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို လက်ရောက်ပေးအပ်သည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက " (၇၅) နှစ်မြောက် လူ့အခွင့်အရေးနေ့ ဂုဏ်ပြုတေး" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်စဉ်။

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**


၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဘားအံတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌ လည်းကောင်း ကျင်းပပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး မစ္စတာ ရှီယွီကန်း တွေ့ဆုံဆွေးနွေး



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး မစ္စတာရှီယွီကန်းတို့ ကူမင်းမြို့ရှိ ဟိုင်ကန်ဥယျာဉ်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၀

(၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး မစ္စတာရှီယွီကန်းတို့သည် ယမန်နေ့ ညနေပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ဟိုင်ကန်ဥယျာဉ်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် အစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေး၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အပါအဝင် တရုတ်နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးသည် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဟိုင်ကန်ဥယျာဉ်ဟိုတယ်၌ ညစာဖြင့်တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် (၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ Sang Kyung Chan (Venerable MOKTAK)အား လက်ခံတွေ့ဆုံ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ Sang Kyung Chan (Venerable MOKTAK) အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်)ရုံးခွဲ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းမှ မြန်မာနိုင်ငံတွင် သာသနာပြုလုပ်ငန်းများအားသွန်ခွန်စိုက်ဆောင်ရွက်နေမှု၊ ကိုရီးယား-မြန်မာ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ကိုရီးယားနိုင်ငံတွင် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းနှင့် အလုပ်အကိုင်ရရှိမည့် အခွင့်အလမ်းများအတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်သည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စွယ်တော်ဆောင်ရှိ Art Gallery အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သည် နှစ် ၃၀ ကာလအတွင်း အနုပညာရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စတင်ဖွင့်လှစ်ချိန်မှ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ ဘွဲ့နှင်းသဘင် (၂၄) ကြိမ်ကျင်းပနိုင်ခဲ့ပြီး ဝိဇ္ဇာဘွဲ့ ၂၆၀၂ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၃၈၄ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၁၀၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၁၂၁၀၊ အချိန်ပိုင်း အနုပညာဒီပလိုမာ ၆၃၂ ဦး၊ အနုပညာကွန်ပျူတာဒီပလိုမာဘွဲ့ ၂၈၁၅ ဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ၆၅ ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ ၁၉ ဦး၊ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ၂၁ ဦး စုစုပေါင်း ၇၈၆၉ ဦးတို့ကို ဘွဲ့ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

တက္ကသိုလ်၏ ဂုဏ်နှင့် အဆင့်အတန်းကို ဘက်ပေါင်းစုံမှ မြှင့်တင်ပေးခြင်းဖြင့် တက္ကသိုလ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ သင်ကြားမှုအပိုင်း အရှိန်အဟုန်မပြတ်အောင် ကြိုးပမ်းဆောင်ရွက်နေကြရန်လိုကြောင်း၊ အမျိုးသားယဉ်ကျေးမှုသည် လွန်စွာအရေးကြီးကြောင်း၊ ယဉ်ကျေးမှု၏ ကျယ်ပြန့်နက်နဲမှု များစွာထဲမှ သုခုမအနုပညာရပ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းနှင့် ထွန်းကားပြန့်ပွားစေခြင်းကို သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင်၊ ခေတ်အဆက်ဆက် မော်ကွန်းတွင်ရစ်အောင်၊ လူမျိုးဂုဏ်နှင့် ဇာတိဂုဏ်ကို ပိုမိုထွန်းပြောင်အောင် အမျိုးသားရေးတာဝန်များ ကျေပွန်ကြရန် အားလုံးအတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က တက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စွယ်တော်ဆောင်ရှိ မော်ကွန်းတိုက်နှင့် Art Gallery၊ တက္ကသိုလ်ဝင်းအတွင်းရှိ မန်ကျည်းပျိုးခင်းနှင့် ထန်းပင်စိုက်ပျိုးထားသောနေရာများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(လားရှိုးမြို့) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သည့် စားသောက်ဖွယ်ရာများနှင့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံဝန်ထမ်းများ၊ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အခက်အခဲများကြားမှ ဆေးရုံလုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်စေရန် ဆောင်ရွက်ပေးနေကြသော ဝန်ထမ်းတစ်ဦးချင်းစီကို ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ လူနာများ စိတ်ချမ်းသာစွာဖြင့် ကုသမှုခံယူနိုင်ကာ ပြည်သူအားကိုးရသည့် ဆေးရုံကြီးဖြစ်စေရေး ဆောင်ရွက်ကြရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန်၊ လားရှိုးမြို့သို့ ခေတ္တတိမ်းရှောင် ရောက်ရှိနေသောစုရပ်များ (IDP Camps)၌ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို စံချိန်စံညွှန်းကောင်းမွန်စေရေး လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ပေးရန်၊ ကလေးငယ်များအား လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးရန်၊ မိခင်ကလေးကျန်းမာရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ပေးရန်၊ ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးရန်နှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့ပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင်၌ ကုသမှုခံယူလျက်ရှိသည့် လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ အာဟာရပြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (လားရှိုးမြို့)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်၍ လုံခြုံရေးအသိဖြင့် ဌာနလုပ်ငန်းများ၊ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ နောက်ဆုံးနှစ်စာမေးပွဲများ ဖြေဆိုမည့် ကာလဖြစ်သဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားပြီး သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် သင်ကြားရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့တော်ဝန် မြို့တော်သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၄) ရပ်ကွက် ဘုရင့်နောင်တံတားအောက်၌ ပန်းခြံတည်ဆောက်နေမှု၊ အမှတ်(၆)ရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်းသို့ ဆက်သွယ်သည့် ကွန်ကရစ်တံတားတည်ဆောက်နေမှုနှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံဝင်းအတွင်း မိုးစပါးရိတ်သိမ်း ခြွေလှေ့ပြီးစီးမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက် မကွေးလမ်းရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကွန်ကရစ်ဖျော် စက်ရုံဝင်းအတွင်း ကြက်မွေးမြူထားရှိမှု၊ အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် အောင်ဇေယျတံတားအောက် မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အင်းစိန်/ မရမ်းကုန်းခရိုင်ရုံးဝင်းအတွင်း ဥစားကြက် မွေးမြူထားရှိမှုနှင့် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းနှင့် ခရေပင်လမ်းဆုံတွင် လမ်းသားတိုးချဲ့ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က မြေယာရှုခင်း ပြုပြင်ဆောင်ရွက်ရေးနှင့် ပန်းခြံရပ်လုံးပေါ်လာစေရေး အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားရေး၊ ဓာတ်အားလိုင်းနှင့်ဖုန်းကြိုးများ အမြင်တင့်တယ်အောင် ပြုပြင်ရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ သဘာဝမြေဩဇာ Mass Production တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ လှိုင်မြစ်ကမ်း ထိန်းသိမ်းရန် လမုပင်များတိုးချဲ့စိုက်ပျိုးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန် စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထန်းတပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)များကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒီဇင်ဘာ ၈ ရက်က အဆိုပါစီမံကိန်းနှစ်ခုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် တာဝန်ခံဝန်ထမ်းများက သံတဇာကျေးရွာ၊ ဘိုးကြီးစုကျေးရွာနှင့် တောညိုကျေးရွာ သုံးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လှည်းဆိပ်ကျေးရွာ၊ ညောင်သုံးပင်ကျေးရွာနှင့် ခနဲရိကျေးရွာသုံးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၁၀

တာချီလိတ်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်တန်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက



အဆိုပါကျောင်း သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

## ဟောပြော

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက “သတင်းအမှား၊ သတင်းအမှန် ခွဲခြားသုံးသပ်နိုင်ရေး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ယွန်းသီရိဇော်က “မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ်အကြောင်း သိကောင်းစရာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်အိသန္တာလှိုင်က “ရေချိုသယံဇာတကို ကာကွယ်စောင့်ရှောက်ကြပါစို့” ခေါင်းစဉ်တို့ဖြင့် ဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် သင်တန်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၀

ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# နတ်လသဘင်ရောက်ပြန်လျှင်မူ၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး (၂)

တက္ကသိုလ်မြတ်သူ

စာကဗျာများကို ရေးကြ၊ ဖွဲ့ကြရာ၌ အရေးအသားပုံစံအရ စာပေဂုဏ်ဆယ်ပါး၊ စာပါအကြောင်းအရာ၊ အရေးအဖွဲ့ကပေးသော ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့ဩ နေသာအရသာဟု စာဆိုနှင့်အညီ ဖတ်ရှုသူ၊ ကြားနာသူတို့ရင်၌ ခံစားမှုအရသာ (ရသ) ကိုးမျိုးပေးနိုင်ခဲ့ကြသည်။

**ပဒဒေါသရှစ်မျိုး**

စာကဗျာများရေးဖွဲ့ကြရာ၌ ပဒဒေါသ ရှစ်မျိုး၊ ဝိရုဒ္ဓတ္တန္တရဒေါသ၊ အချုတ္တဒေါသ၊ ကိလိဋ္ဌဒေါသ၊ ဝိရောဓိဒေါသ၊ နေယျဒေါသ၊ ပေက္ခဒေါသ၊ ဟီနန္တဒေါသများ (မရေးသင့်မရေးထိုက်သော အရေးအသားများ)ကို ပဒဒေါသရှစ်မျိုးဟုဆိုပေသည်။ ဝါကျဒေါသကိုးမျိုးမှာ ဧကတ္တဒေါသ၊ ဘဂ္ဂရီတိဒေါသ၊ ဗျာကိဏ္ဏာဒေါသ၊ ဂမ္ဘဒေါသ၊ ယတိဟီနဒေါသ၊ ကမစ္စုတဒေါသ၊ အတိဝုဒ္ဓဒေါသ၊ အပေတတ္တဒေါသ၊ သဗန္ဓဖရုသဒေါသတို့ လွတ်အောင်ရေးဖွဲ့ကြသည်။

ဝါကျတ္တဒေါသ ခြောက်မျိုးကား အပက္ကမဒေါသ၊ ဩစိတျဟီနဒေါသ၊ ဘဂ္ဂရီတိဒေါသ၊ သံသယဒေါသ၊ ဂမ္ဘဒေါသ၊ ဒုဋ္ဌာလင်္ကာတိဒေါသတို့ဖြစ်ကြပေသည်။ စာရေးရာ၌ ရေးဖွဲ့သောအကြောင်းအရာ၊ ရေးစပ်ပုံအရေးအသားတွင်လည်း အပြစ်ဒေါသကင်းအောင် ရေးကြရသည်။ ပုဒ်၊ ပဒ(စာပိုဒ်)များအလိုက်လည်း အပြစ်ဒေါသကင်းကြရပေသည်။ ဂုဏ်၊ ရသ၊ အလင်္ကာမြောက်အောင် ရေးဖွဲ့စေကာမူ အရေးအသား အပြစ်ဒေါသမကင်းလျှင် ထိုစာသည် အပယ်ခံဖြစ်သွားပေမည်။ အဓိကအားဖြင့် ရှန့်ရင်းကြမ်းတမ်းရိုင်းပျသောအရေးအသားကို သတိပြုဆင်ခြင်ရှောင်ရှားကြရပေသည်။

အပြစ်ကင်းအောင်ရေးပြီး သဒ္ဒါလင်္ကာရ ခေါ် အသံတန်ဆာလင်္ကာဂုဏ်မြောက်အောင် ရေးသားဖွဲ့ဆိုကြရပေသည်။ သဒ္ဒါလင်္ကာရ အလင်္ကာဂုဏ် ၁၀ ပါးရှိသည်။ ယင်းတို့မှာ–

(၁) ကြည်ညိုဖွယ်ရှိခြင်း–ပသာဒဂုဏ်၊
(၂) အကျဉ်းချုံးခြင်း၊ ချဲ့ခြင်း –ဩဇဂုဏ်၊
(၃) ချိုသာခြင်း– မဓုရတာဂုဏ်၊
(၄) အညီအမျှထားခြင်း–သမ္မတာဂုဏ်၊
(၅) သိထိလအက္ခရာများခြင်း– သုခုမာလတာဂုဏ်၊
(၆) ပြေပြစ်သောပုဒ်ရှိခြင်း–သိလေသဂုဏ်၊
(၇) လွန်ကဲသောဂုဏ်ရှိခြင်း–ဥဒါရတာဂုဏ်၊
(၈) နှစ်သက်ဖွယ်ရှိခြင်း–ကန္တိဂုဏ်၊
(၉) ထင်ရှားသောအနက်ရှိခြင်း– အတ္ထဗျတ္တိဂုဏ်၊
(၁၀) တင်စား၍သုံးစွဲခြင်း–သမာဓိဂုဏ်တို့ဖြစ်ကြသည်။

တင်ပြခဲ့သောစာပေအရေးအသားများ၊ အပြစ်ဒေါသကင်းပြီး ဂုဏ်မြောက်အောင် ရေးဖွဲ့သောစာများသည် ဖတ်ရသူ၊ ကြားနာရသူတို့၏ရင်တွင် ခံစားမှုအရသာကိုးမျိုး (ရသကိုးပါး) ရရှိသွားစေလျှင် အကြင်စာသည် ဂုဏ်မြောက်၊ ရသမြောက်သောစာ ဖြစ်သွားပေမည်။ ရသကိုးပါးကို အထက်တွင်တင်ပြခဲ့သည့် ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ် အစရှိ အတိုမှတ်လင်္ကာကို အနက်အဓိပ္ပာယ်ပို၍ ရှင်းသွားစေရန် ဖော်ပြလိုက်ပါရစေ။ စာပေအရသာ (ရသ) ကိုးပါးကား ဤသို့ဖြစ်ပါသည်–

(၁) ရတိဟူသော သိင်္ဂါရရသ (မိန်းမ၊ ယောကျ်ားတို့၏ ချစ်ကြိုက်ခြင်း) ကို ရင်ဖိုဆွတ်နှူးအောင် ဖွဲ့သည်။
(၂) ဟာသရသ (ပြုံးရယ်ခြင်းကိုဖြစ်စေသောအဖွဲ့)၊
(၃) ကရုဏာရသ (စိုးရိမ်ကြောင့်ကြ၊ သနားကြင်နာစေသောအဖွဲ့)၊
(၄) ကောဓ ခေါ် ရုဒ္ဒရသ (ကြမ်းကြုတ်ခက်ထန်မှုကြောင့် ဖြစ်စေသော ခံစားမှုအရသာအဖွဲ့)၊
(၅) ဥဿဟ ခေါ် ဝီရရသ (ရဲဝံ့၍ လုံ့လရှိသောသတ္တိကြောင့် ရရှိသည့် ခံစားမှုအဖွဲ့)၊
(၆) ဘယာနကရသ (ကြောက်လန့်ခြင်းကို ဖြစ်စေသောအဖွဲ့)၊
(၇) ဝိဝုစ္ဆာ ခေါ် ဝိဘစ္ဆရသ (စက်ဆုပ်ရွံရှာခြင်းကို ဖြစ်စေသောအဖွဲ့)၊
(၈) ဝိမှယ ခေါ် အဗ္ဘုတရသ (အံ့ဩတကြီးဖြစ်စေသောအဖွဲ့အနွဲ့၏ရသ)
(၉) သမ ခေါ် သန္တရသ (ငြိမ်သက်တည်ကြည်မှုကို ခံစားနိုင်သောအဖွဲ့)။

အလင်္ကာကျမ်းများ၌ မူဝလစ္ဆရသခေါ် မောင်နှင့် နှမ၊ သားနှင့်အမိ၊ ဆရာနှင့်တပည့်တို့၏ ၅၂၈ သွယ်သော မေတ္တာဓာတ်များ ခံစားစေနိုင်သောအဖွဲ့။ (ဘုရား–ရဟန္တာ–သံဃာတော်များကို ကြည်ညိုသောခံစားမှုလည်း အကျုံးဝင်ပေသည်။)

ရေးဖွဲ့ရာ၌ သဒ္ဒါလင်္ကာရကို ဂုဏ် ၁၀ ပါးဖြင့် တင်ပြခဲ့ပြီးဖြစ်ပါသည်။ အနက်တန်ဆာဖြစ်သော အတ္တာလင်္ကာရ တင်ပြပါမည်။ စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ရေးရာဖွဲ့ရာ၌ သဒ္ဒါလင်္ကာရ (ဂုဏ် ၁၀ ပါး) နှင့်ရော အတ္တာလင်္ကာရဂုဏ်များပါပြည့်စုံလျှင် ထိုစာဆိုကဗျာ၏ ဂုဏ်သည် မြင့်တက်သွားပေတော့မည်။ အလင်္ကာဟူသည် စာကို တန်ဆာဆင်ခြင်း (အလှဖြင့်ဆင်ယင်ခြင်း)ပင် ဖြစ်သည်။

သုဗောဓာလင်္ကာရဋီကာဆရာနှင့် သက္ကတအလင်္ကာဆရာတို့၏ အလိုအားဖြင့် သဘာဝဝုတ္တိအလင်္ကာကို (၁) ဇာတိသဘာဝဝုတ္တိအလင်္ကာ၊ (၂) ဂုဏသဘာဝဝုတ္တိအလင်္ကာ၊ (၃) ကြိယာသဘာဝဝုတ္တိအလင်္ကာ၊ (၄) ဒဗ္ဗသဘာဝဝုတ္တိအလင်္ကာဟူ၍ လေးမျိုးခွဲထား၏။ (၅) မန်လည်ဆရာတော်ကြီး၏ နာမသဘာဝအလင်္ကာကိုပါ ဖြည့်စွက်လျှင် သဘာဝဝုတ္တိအလင်္ကာငါးမျိုးဟူ၍ သတ်မှတ်နိုင်ပေသည်။

**သဘာဝဝုတ္တိအလင်္ကာငါးမျိုး**

အတ္ထာလင်္ကာရသည်လည်း (၁) မသွယ်မဝိုက်တိုက်ရိုက်ပြောဆိုတင်ပြသော သဘာဝဝုတ္တိအလင်္ကာ၊ (၂) တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်၍ ပြောဆိုရေးသားသော ဝင်္ကဝုတ္တိအလင်္ကာတို့ပါဝင်သည်။ သဘာဝဝုတ္တိအလင်္ကာငါးမျိုးကို တင်ပြပြီးဖြစ်၍ ဝင်္ကဝုတ္တိအလင်္ကာကိုဆက်လက်တင်ပြပါမည်။ ရှေးအလင်္ကာကျမ်းများ၌ ဝင်္ကဝုတ္တိအလင်္ကာနည်း အများအပြားရှိသော်လည်း ဂန္ထဝင်ရှေးမြန်မာစာပေမှ တစ်ခေတ်တစ်ခါ ကဗျာအထိ တွေ့နိုင်သော ဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးခန့်သာရှိသည်ဟု ပညာရှိတို့က ဆိုထားပေသည်။ ဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးကို တင်ပြပါမည်။

(၁) အနက်လွန်ကဲခြင်း (အတ္တာတိသယအလင်္ကာ)၊
(၂) ဥပမာကပ်၍တင်ပြခြင်း (ဥပမာအလင်္ကာ)၊
(၃) အတူပြုခြင်း(ရူပကအလင်္ကာ)၊
(၄) အထပ်ထပ်ဆိုခြင်း(အာဝုတ္တိအလင်္ကာ)၊
(၅) ထွန်းပခြင်း (ဒိပ္ပကအလင်္ကာ)၊

“စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ရေးရာဖွဲ့ရာ၌ သဒ္ဒါလင်္ကာရ (ဂုဏ် ၁၀ ပါး)နှင့်ရော အတ္တာလင်္ကာရဂုဏ်များပါ ပြည့်စုံလျှင် ထိုစာဆိုကဗျာ၏ ဂုဏ်သည် မြင့်တက်သွားပေတော့မည်။ အလင်္ကာဟူသည် စာကိုတန်ဆာဆင်ခြင်း (အလှဖြင့်ဆင်ယင်ခြင်း)ပင်ဖြစ်

ရှေးအလင်္ကာကျမ်းများ၌ ဝင်္ကဝုတ္တိအလင်္ကာနည်း အများအပြားရှိသော်လည်း ဂန္ထဝင်ရှေးမြန်မာစာပေမှ တစ်ခေတ်တစ်ခါ ကဗျာအထိ တွေ့နိုင်သော ဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးခန့်သာရှိသည်ဟု ပညာရှိတို့ကဆိုထား”

(၆) ပစ်ပယ်ခြင်း (အက္ခေပအလင်္ကာ)၊
(၇) အနက်တစ်မျိုးဖြင့်ပြခြင်း (အတ္ထန္တရန္ယာသအလင်္ကာ)၊
(၈) အသီးအခြားပြဆိုခြင်း (ဗျတိရေကအလင်္ကာ)
(၉) အကြောင်းထူးပြဆိုခြင်း(ဝိဘာဝနာအလင်္ကာ)၊
(၁၀) ဖြစ်ကြောင်းအားဖြင့်ပြခြင်း (ဟေတုအလင်္ကာ)၊
(၁၁) အစဉ်လိုက်ပြခြင်း (ကမအလင်္ကာ)၊
(၁၂) အလွန်နှစ်သက်သည်ကို ပြဆိုခြင်း (ဝိယတရအလင်္ကာ)၊
(၁၃) ချဉ်း၍ပြဆိုခြင်း (သမာသအလင်္ကာ)၊
(၁၄) ကြံဆခြင်း (ပရိကပ္ပနာအလင်္ကာ)၊
(၁၅) အကြောင်းတစ်ပါးကိုရခြင်း(သမာဟိအလင်္ကာ)၊
(၁၆) စကားရိပ်ပေးခြင်း (ပရိယာယဝုတ္တိအလင်္ကာ)၊
(၁၇) ကဲ့ရဲ့ယောင်ဖြင့်၊ ချီးမွမ်းခြင်း(ဗျာဇောပဝဏ္ဏာအလင်္ကာ)၊
(၁၈) ချို့ငဲ့သောအရာထူးကိုပြခြင်း(ဝိသေသအလင်္ကာ)၊
(၁၉) ကြုံးဝါးခြင်း (ရုဋ္ဌာဟံကာရအလင်္ကာ)၊
(၂၀) အနက်နှစ်မျိုးရအောင်ပြခြင်း၊(သိလေသအလင်္ကာ)
(၂၁) တူမတူယှဉ်ပြခြင်း (တုလျယောဂိတာအလင်္ကာ)၊
(၂၂) အကျိုးထူးကိုပြခြင်း (နိဒဿနအလင်္ကာ)၊
(၂၃) ကြီးမြတ်သောအဖြစ်ကိုပြခြင်း (မဟန္တတ္တအလင်္ကာ)၊
(၂၄) လှည့်ပတ်ပြောဆိုခြင်း (ဝဥ္စနာအလင်္ကာ)၊
(၂၅) မချီးမွမ်းလောက်သည်ကိုချီးမွမ်းခြင်း (အပ္ပကထုတိအလင်္ကာ)၊
(၂၆) အဆင့်ဆင့်ဝိသေသနဖြစ်ခြင်း(ဧကာဝဠိအလင်္ကာ)၊
(၂၇) အချင်းချင်းကျေးဇူးပြုခြင်း (အညမညအလင်္ကာ)၊
(၂၈) တကွဖြစ်ခြင်း(သဟဝုတ္တိအလင်္ကာ)၊
(၂၉) ဆန့်ကျင်သည်ကိုပြခြင်း(ဝိရောဓိတာအလင်္ကာ)၊
(၃၀) လဲလှယ်ခြင်း(ပရိဝုတ္တိအလင်္ကာ)၊
(၃၁) အထင်မှားခြင်း(ဘမအလင်္ကာ)၊
(၃၂) သဘောကိုပြခြင်း(ဘာဝအလင်္ကာ)၊
(၃၃) ရောနှောခြင်း(မိဿအလင်္ကာ)၊
(၃၄) တောင့်တခြင်း(အာသီသအလင်္ကာ)၊
(၃၅) ရသရှိခြင်း(ရသီအလင်္ကာ)တို့ဖြစ်ကြသည်။

အလင်္ကာတစ်ခုစီတွင် အလင်္ကာခွဲများစွာရှိပေသည်။ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာတို့မြောက်သောစာများက ပို၍များပေသည်။ ဥပမာအလင်္ကာတွင် (က) သဒ္ဒါအားဖြင့်သိသော သဒ္ဒဂမ္ဘဥပမာ၊ (ခ) အနက်အားဖြင့်သိအပ်သော အတ္တဂမ္ဘဥပမာ၊ (ဂ) အဖွဲ့ဝါကျတစ်ခုလုံး၏ အစွမ်းအားဖြင့် သိအပ်သော ဝါကျတ္ထဂမ္ဘဥပမာဟူ၍ သုံးမျိုးခွဲ၏။ ယင်းသုံးမျိုးကို သဒ္ဒါအရသုံးမျိုး၊ သဒ္ဒဂမ္ဘဥပမာသုံးမျိုးခွဲပြန်၏။ သဒ္ဒဂမ္ဘဥပမာကိုလည်း သုံးမျိုးခွဲပြန်၏။ သဒ္ဒဂမ္ဘဥပမာများတွင်လည်း ဥပမာခွဲများရှိပြန်၏။ ရူပကအလင်္ကာ၊ ဒီပကအလင်္ကာတို့တွင်လည်း အလင်္ကာခွဲများရှိပြန်၏။ အလင်္ကာကျမ်းများတွင်ပါရှိသော အလင်္ကာများအကြောင်း အသိသုတအဖြစ်သိကြရုံ တင်ပြပါသည်။ မိမိတို့၏ စာများ ရေးဖွဲ့ရာ၌ ဂုဏ်၊ ရသ၊ အလင်္ကာမြောက်သောစာများ ထင်ပေါ်သည့်ကျမ်းဂန္ထဝင်ဖြစ်လာမည်ကို သတိပြုမိစေလို၍ တင်ပြခြင်းဖြစ်ပါသည်။

ဝင်္ကဝုတ္တိအလင်္ကာများမှ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာမြောက်သော စာအချို့ကို တင်ပြပါလျှင်–

“ကြာပန်းငုံတွင်၊
ပိတုန်းဝင်၍၊
အေးယဉ်ပမာ၊
လှုပ်သည့်ကြာလော။
ရွှေ့ကာလျှပ်လျှပ်၊
ညိုရောင်ဟပ်သည့်၊
နှစ်ရပ်ဒွေးဘော်၊
မျက်လုံးတော်ရှိ၊
မြတ်မုနိ၏၊
အိအိဝင်းဝါ၊
ရွှေမျက်နှာလော။”

ဗုဒ္ဓဘုရားရှင်၏ မျက်လုံးတော်မှ သူငယ်အိမ်အနက်ရောင်သည် လှုပ်ခတ်လျက်ရှိသည်မှာ ကြာပန်းငုံ (ဖြူဖြူ)တွင် ပိတုန်းမည်းမည်းဝင်ပြီး လှုပ်ရှားနေသည်နှင့်တူပုံ ဖွဲ့သောအဖွဲ့ဖြစ်၍ ဥပမာအလင်္ကာမြောက်ပေသည်။

“ဗုဒ္ဓမျက်လုံး၊
ဗျာကရုဏ်းကို၊
ပိတုန်းဝင်နှယ်” စသည့် ကဗျာသည်လျှင် ကြာဖြူပန်းပွင့်နေချိန် ဝတ်ရည်စုပ်ရန် ပိတုန်းဝင်ပြီး ကြာပန်းပြန်ငုံသောအခါ ပိတုန်းသည် ကြာဖြူပွင့်ဖတ်နှင့်တူသော ဗုဒ္ဓ၏မျက်ဝန်းအလယ်မှ သူငယ်အိမ်မည်းမည်းနက်နက်လေး ထိုးထွက်နေသည်နှင့်တူကြောင်း ဖွဲ့၍ ဥပမာအလင်္ကာမြောက်လေသည်။

“နီမြန်းသော နှုတ်ခမ်းတော်တည်းဟူသော ရွက်ညွန့်၊ ပြုံးရယ်တော်မူခြင်းတည်းဟူသောပန်းပွင့်တို့ဖြင့် လှပတင့်တယ်တော်မူခြင်းတည်းဟူသောမျက်နှာတော်” (ရူပကအလင်္ကာ)။

ရှေးစာဆိုများ၊ ခေတ်စာဆိုများ၏ စာများတွင်လည်း ဥပမာအခိုင်းအနှိုင်းများဖြင့် ဥပမာအလင်္ကာမြောက်သော စာကဗျာများ တွေ့နိုင်ကြပေသည်။

ဝေဿန္တရာမင်းကြီးက တစ်နေ့သ၌ မှူးမတ်များကို မိဖုရားကြီး မဒ္ဒီဒေဝီ မည်မျှချောသည်၊ လှသည်ကို တင်စားမြွက်ကြားခဲ့သည်။

“တစ်ခါက ရေကန်တော်တွင်း၌ ကြာမျိုးငါးပါးတို့ပွင့်ကြကုန်၏။ ပဒုမ္မာ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍာရိပ်တို့သည် နေ့ခင်းဘက်နေရောင်တွင် ပွင့်ကြကုန်၏။ မွန်းတည့်ချိန်တွင် မဒ္ဒီဒေဝီသည် ထိုရေကန်တော်ဘေးမှ ဖြတ်၍လျှောက်သွား၏။ ကြာပန်းများတွင် ကုမုဒြာကြာ (ဖြူ) များသည် ညဘက် လရောင်ပက်ဆမ်းမှပွင့်သော ကြာပန်းဖြစ်သည်။ မဒ္ဒီဒေဝီရေကန်တော်ဘေးမှ ဖြတ်လျှောက်သည်ကို ကုမုဒြာကြာငုံများက လမင်းသော်တာကြီး ပေါ်ထွက်လာသည်ဟု ထင်မှတ်မှားကာ မွန်းတည့်နေရောင်မှာပင် မပွင့်စဖူးပွင့်ကြကုန်၏” ဝင်္ကဝုတ္တိကွေ့ဝိုက်တင်စားကာ ဝေဿန္တရာမင်းကြီးက မိဖုရားကြီးမဒ္ဒီ၏အလှကို တင်စားလိုက်ခြင်းဖြစ်သည်။

**နှစ်ပေါင်းတစ်ထောင်ကျော်၊ နှစ်ထောင်ခန့်ကပင် စာနှင့် ကဗျာနှင့် ဝေဝေဆာဆာပေါ်ထွန်းခဲ့ပြီ**

မြန်မာစာပေသည် နှစ်ပရိစ္ဆေဒအားဖြင့် နှစ်ပေါင်းတစ်ထောင်ကျော်၊ နှစ်ထောင်ခန့်ကပင် စာနှင့် ကဗျာနှင့် ဝေဝေဆာဆာပေါ်ထွန်းခဲ့ပြီဖြစ်သည်။ ကဗျာစပ်နည်းအမျိုးပေါင်းများစွာကို ကဗျာဖွဲ့နည်းစည်းမျဉ်းဥပဒေ (ကဗျုပဒေသ) လည်း အခိုင်အမာရှိပေသည်။ ပြန်လည်တူးဆွရှာဖွေ၍ မကုန်နိုင်သေးသော မြန်မာ့ဂန္ထဝင်စာပေများလည်း ရှိနေဆဲဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်သစ်တောပျိုးဥယျာဉ်အတွင်း သစ်မျိုး ကိုးမျိုးဖြင့် ပျိုးပင်ပေါင်း ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ပျိုးပင်များရှင်သန်ဖြစ်ထွန်းမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း သစ်မျိုး ကိုးမျိုးဖြင့် ပျိုးပင်ပေါင်း ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ပျိုးပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျိုးဥယျာဉ်ဝင်းအတွင်း မြန်မာ့ရှားပါးသစ်ခွမျိုးစိတ် အမျိုး ၆၀ နှင့် ဆေးဖက်ဝင်ဂမုန်းမျိုးစိတ်အမျိုး ၂၀ တို့ကို ထိန်းသိမ်းစောင့်ရှောက်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှင်းလင်းဆောင်ရွက်တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြင်ဦးလွင်ခရိုင် သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး၊ ကြိုးဝိုင်း/ကြိုးပြင်တောများ တိုးချဲ့ဖွဲ့စည်းရေး၊ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး၊ ကန်တော်ကြီးအမျိုးသားဥယျာဉ် စိမ်းလန်းသာယာလှပရေး၊ ပြင်ဦးလွင်မြို့ ရေပေးဝေရေးအတွက် အရေးပါသော ဆင်လမ်းဆည် ရေဝေရေလဲဧရိယာများကို ထိန်းသိမ်းကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ် ၁၄ အတွင်း ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ၍ စိုက်ပျိုးခဲ့သော ၁၃ ဧကတွင် သစ်ပင်များ ရှင်သန်အောင်မြင်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ မြေတိုင်းကျောင်းသို့ရောက်ရှိပြီး အဆင့်မြင့်၊ အလယ်အလတ်နှင့် အခြေခံမြေတိုင်းသင်တန်းသားများနှင့် တွေ့ဆုံကာ သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချပေးသော စာတွေ့လက်တွေ့သင်ခန်းစာများကို အတွေ့အကြုံနှင့်ပေါင်းစပ်ကာ မိမိတို့တာဝန်ကျရာ နယ်ပယ်အသီးသီးတွင် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ရေးနှင့် နိုင်ငံတော်နှင့် ပြည်သူက အားကိုးထိုက်သော အရည်အသွေးပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေး

**သာယာဝတီ ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက အစိုးရအဖွဲ့ဝင်ဝန်ကြီးများလိုက်ပါလျက် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီးတောင်ဘက်မုခ်တွင် ရွှေ့လျားစက်လှေကား တပ်ဆင်နိုင်ရေးနှင့် ယာဉ်ရပ်နားဝင်း ပြုလုပ်မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး စေတီတော်ကြွခိုင်မှု ထိခိုက်မှုမရှိစေရေး Soil Test စစ်ဆေးခြင်းများကို ပညာရှင်များနှင့် စနစ်တကျဆောင်ရွက်ရန်၊ ယာဉ်ရပ်နားဝင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲတင်ပြရန်နှင့် ဝင်/ထွက်လမ်းများ စနစ်တကျသတ်မှတ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြို့ပင်ကောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှ အဓိကအားထားရသည့် တောင်သူများအနေဖြင့် ပြည်ပသွင်းကုန်လျှော့ချပြီး စားသုံးဆီဖူလုံနိုင်ရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်ရေးအတွက် မြေပဲ၊ မတ်ပဲနှင့် ပဲတီစိမ်းများကို ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ပြောင်းလဲ၍ ဒေသတွင်းစားရေရိက္ခာဖူလုံပိုလျှံနိုင်ရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့က မြေပဲ၊ မတ်ပဲနှင့် ပဲတီစိမ်း အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တက်ရောက်လာသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်ဖိုမြို့နယ် သမန်းကုန်းကျေးရွာအုပ်စုရှိ ပဲတီစိမ်းမျိုး ယှဉ်ပြိုင်ကွက် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် မင်းလှမြို့နယ် ကိုင်းပြင်ကြီးကျေးရွာအုပ်စုရှိ အတန်းလိုက် မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးထားရှိသည့် ပဲတီစိမ်းမျိုး ယှဉ်ပြိုင်စံပြကွက်များကို ကြည့်ရှုအားပေးခဲ့ပြီး ပဲတီစိမ်းစတင်စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းချိန်အထိ ဒေသခံတောင်သူများအား ခေါ်ယူ၍ ယှဉ်ပြိုင်စံပြကွက်များတွင် အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ ဒေသတွင်းစိုက်ပျိုးသည့် ဆောင်းသီးနှံများအတွက် မျိုးလိုအပ်ချက်များ ဖြည့်တင်းပေးနိုင်ရေး တောင်သူပူးပေါင်းပါဝင်သည့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများ ဖော်ဆောင်ပေးရန်နှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆီဆိုင်မြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ဆီဆိုင် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက လွယ်ပွတ်ကျေးရွာအုပ်စု ပြင်သာယာကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ပြင်သာယာကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ပြင်သာယာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**၂၂၂**

# မိုးကောင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် GW-11 မိုးစပါးများ ရိတ်သိမ်း

**မိုးကောင်း ဒီဇင်ဘာ ၁၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် ပင်းဘောကျေးရွာ ရေတွင်းကုန်းအုပ်စုရှိ ဆန်းသစ်လယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဒေါ်ဖြူဖြူဝင်းပိုင် လယ်ဧက ၁၁ ဧကတွင် GW–11 စပါးမျိုးနှစ်ဧက စံကွက်ရိတ်သိမ်းမှုအခြေအနေကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်အဖွဲ့တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ GW–11 စပါးခင်းများ စံကွက်ရိတ်သိမ်းမှုများကို ကောင်း၊ သင့်၊ ညံ့ စံကွက်ခွဲ၍ ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှစပါးတင်း ၁၂၅ တင်းမှ ၁၃၀ ကြား ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

ပေါက်ပေါက်



မြန်မာနိုင်ငံ၏ လူ့မျှော်မှန်းသက်တမ်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ တွက်ချက်မှုအရ ၆၇ ဒသမ ၄၂ နှစ် ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ တွက်ချက်မှုမှာ ၆၇ ဒသမ ၇၈ နှစ် ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ လူတစ်ယောက် သက်တမ်းစေ့ နေနိုင်ရန်နှင့် သက်ရှည်ကျန်းမာစေရန်အတွက် သွေး၊ လေများ ကောင်းမွန်စွာလည်ပတ်နိုင်စေရန် နေ့စဉ် လမ်းမှန်မှန်လျှောက်ခြင်းကလည်း အဓိက ကျပါသည်။ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ နှစ်သန်းခန့် ရောဂါဖြစ်ကြပြီး ကိုယ်ခန္ဓာမသန်စွမ်းခြင်းနှင့် သက်တမ်းမစေ့မီ သေဆုံးခြင်းတို့ကို ရင်ဆိုင်နေကြရကြောင်း WHO ၏ ထုတ်ပြန်ကြေညာချက်များအရ သိရှိရပါသည်။

ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ လူတိုင်းတွင် မွေးရာပါစွမ်းဆောင်ရည်များ ပါလာကြသည်။ သို့သော် ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယ၊ ကျန်းမာရေးသည် တတိယ ဖြစ်နေခြင်းဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ငွေကုန်သက်သာသည့် အလွယ်ကူဆုံး လေ့ကျင့်ခန်းသည် လမ်းလျှောက်ခြင်းဖြစ်ပါသည်။

ကမ္ဘာ့အိုလံပစ်ပွဲတော် စတင်ပေါက်ဖွားရာ ဂရိနိုင်ငံ၏ကမ်းခြေ ကျောက်သားကမ်းပါးတစ်ခုပေါ်တွင် –

- သင်ကျန်းမာချင်ပါသလား။
  သင် – လမ်းလျှောက်ပါ။
- သင်ဉာဏ်ကောင်းချင်ပါသလား။
  သင် – လမ်းလျှောက်ပါ။
- သင်လှချင်ပါသလား။
  သင် – လမ်းလျှောက်ပါ။

ဟူသော ကမ္ပည်းရေးထိုးထားသည်မှာ လူသားအားလုံးအတွက် မှတ်သားနာယူဖွယ်ဖြစ်ပေသည်။

အားကစားလေ့ကျင့်နည်း အမျိုးမျိုးရှိသည့်အနက် “လမ်းလျှောက်ခြင်း”က အရွယ်သုံးပါးမရွေး အထူးသင့်တော်သည့် လေ့ကျင့်ခန်းဖြစ်ပါသည်။ ထို့ကြောင့် အင်္ဂလိပ်အင်ဂျင်နီယာတစ်ဦးဖြစ်သူ William Cubitt က ရာသီအချိန်အခါမရွေး လမ်းလျှောက်နိုင်ကြစေလိုသော ရည်ရွယ်ချက်ဖြင့် ၁၈၁၈ ခုနှစ်တွင် Treadmills (ခေါ်) ဆုံလည်ဒေါင်လိုက်ဘီးတပ်ထားသည့် လှေကားထစ်ပုံစံ လမ်းလျှောက်စက်ကို စတင်တီထွင်ခဲ့ပါသည်။ ယနေ့ အမေရိကန်ပြည်ထောင်စု အပါအဝင် တိုးတက်ခေတ်မီနေသော ကမ္ဘာ့နိုင်ငံကြီးများ၏ ဆေးရုံကြီးများတွင် လမ်းလျှောက်စက်များထားရှိကာ နာတာရှည်ဆီးချိုရောဂါ၊ နှလုံးနှင့် အဆုတ်ဝေဒနာသည်များကို လမ်းလျှောက်စေသည့် လေ့ကျင့်ခန်းကုထုံးအဖြစ် အောင်မြင်စွာ ကုသလျက်ရှိပါသည်။

“လမ်းလျှောက်ခြင်း” သည် လူတိုင်းလုပ်ဆောင်နိုင်သော လေ့ကျင့်ခန်းဖြစ်သလို ငွေကြေးကုန်ကျမှုမရှိ၊ ကရိကထလည်း မများသည့်အပြင် အလွယ်ကူဆုံးဖြစ်သောကြောင့် မိမိတစ်ဦးတည်းဖြစ်စေ၊ မိသားစု သို့မဟုတ် မိတ်ဆွေသူငယ်ချင်းများနှင့် အုပ်စုလိုက်ဖြစ်စေ၊ အိမ်မွေးခွေးလေးများနှင့်ဖြစ်စေ လွတ်လပ်ပေါ့ပါးစွာ ပြုလုပ်နိုင်ပါသည်။ ကျန်းမာခြင်းဟူသောဆုလာဘ်သည် ငွေကြေးဖြင့် ဝယ်ယူ၍ရသောပစ္စည်း မဟုတ်ပေ။ လူတိုင်းလူတိုင်း မိသားစုဝင်များအားလုံး ကိုယ်ကျန်းမာနေမှလည်း စိတ်ချမ်းသာနိုင်မည်ဖြစ်သည်။

❖ လူတစ်ယောက် သက်တမ်းစေ့နေနိုင်ရန်နှင့် သက်ရှည်ကျန်းမာစေရန်အတွက် သွေး၊ လေများ ကောင်းမွန်စွာလည်ပတ်နိုင်စေရန် နေ့စဉ် လမ်းမှန်မှန်လျှောက်ခြင်းကလည်း အဓိကကျ

❖ ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ လူတိုင်းတွင် မွေးရာပါစွမ်းဆောင်ရည်များပါလာကြသည်။ သို့သော် ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များကို အပြည့်အဝ အသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယ၊ ကျန်းမာရေးသည် တတိယဖြစ်နေခြင်းဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ငွေကုန်သက်သာသည့် အလွယ်ကူဆုံး လေ့ကျင့်ခန်းသည် လမ်းလျှောက်ခြင်းဖြစ်

**လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

လမ်းလျှောက်ခြင်းသည် ရောဂါကင်းဝေး ကျန်းမာစေပြီး အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းတစ်ခုဖြစ်ပေရာ နေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်သည်။

နှလုံးအားကောင်းစေပါသည်။ ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော HDL ကိုလက်စထရောများကို သဘာဝအလျောက် မြှင့်တင်ပေးပြီး မကောင်းသော LDL ကိုလက်စထရောများကို လျှော့ချပေးပါသည်။ နှလုံးသွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေသဖြင့် နှလုံးကို ကျန်းမာစေပါသည်။ အမေရိကန်နိုင်ငံတွင် အသက် (၇၀) ကျော်အရွယ်များအား လေ့လာဆန်းစစ်မှုမှတ်တမ်းများအရ ခပ်သွက်သွက်နှင့် အချိန်ကြာကြာလမ်းလျှောက်သော သက်ကြီးရွယ်အိုများသည် နှလုံးသွေးကြောဆိုင်ရာရောဂါ(CVD) ဖြစ်ပွားနိုင်သည့်အန္တရာယ် နည်းပါးကြောင်း၊ တစ်နာရီလျှင် ငါးကီလိုမီတာထက်ပိုသော အမြန်နှုန်းဖြင့် လမ်းလျှောက်သော အရွယ်ရောက်ပြီးသူများသည် တစ်နာရီလျှင် သုံးကီလိုမီတာနှုန်းဖြင့် လမ်းလျှောက်သူများထက် နှလုံးရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ် ၅၀ ရာခိုင်နှုန်း လျော့နည်းသွားကာ လေဖြတ်ခြင်းအန္တရာယ်မှလည်း ၅၀ ရာခိုင်နှုန်း လျော့နည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

လမ်းလျှောက်သည့် အမြန်နှုန်း သို့မဟုတ် အကွာအဝေး ပိုများသူများတွင် နှလုံးရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ် လျော့နည်းကြောင်း၊ တစ်ရက်လျှင် မိနစ် ၃၀ ကြာ လမ်းလျှောက်နိုင်မည်ဆိုပါက နှလုံးရောဂါဖြစ်နိုင်ခြေ ၁၁ ရာခိုင်နှုန်း နည်းပါးသွားကြောင်း လေ့လာမှတ်သားရပါသည်။ ထို့ပြင် လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် ကျဆင်းသွားစေပြီး ၁၀ မိနစ်ခန့် ခပ်သွက်သွက် လမ်းလျှောက်ရုံမျှဖြင့် ကယ်လိုရီ ၅၀ လောင်ကျွမ်းနိုင်ကာ ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်ကိုလည်း အားကောင်းလာစေပါသည်။ သွေးတိုးနှင့် လေဖြတ်ခြင်းမှ ကာကွယ်စေပါသည်။ တစ်နေ့လျှင် နာရီဝက်ခန့် ခပ်သွက်သွက်လမ်းလျှောက်ပေးခြင်းက သွေးတိုးရောဂါမဖြစ်စေသည့်အပြင် သွေးတိုးရောဂါနှင့် ဆက်စပ်လျက်ရှိသော လေဖြတ်ခြင်းအလားအလာကို ၂၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ပါသည်။ အဆုတ်အားကောင်းစေပါသည်။ လမ်းလျှောက်နေချိန်တွင် ခန္ဓာကိုယ်တွင်း အောက်ဆီဂျင် များများလိုအပ်ခြင်းကြောင့် အသက်ပိုရှူရသဖြင့် အဆုတ်၏ လုပ်ဆောင်ချက်များ ပိုကောင်းလာပါသည်။

ရောဂါဝေဒနာဆိုးများမှ တားဆီးပေးနိုင်ပါသည်။ နေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်းသည် ဆီးချိုရောဂါ အမှတ်–၂ ဖြစ်နိုင်ခြေအလားအလာကို ၆၀ ရာခိုင်နှုန်းခန့်အထိ လျှော့ချပေးသည့်အပြင် ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များကို အားကောင်းစေပြီး အထူးသဖြင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာစသည့် ကုသရန်ခက်ခဲသော ရောဂါဆိုးကြီးများ ဖြစ်နိုင်ခြေအလားအလာကိုပါ ၂၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း The British Medical Journal (ခေါ်) ဗြိတိန်ကျန်းမာရေးဂျာနယ်တွင် ဖော်ပြထားပါသည်။

ကြွက်သားများ ကျစ်လျစ်လာစေသည်။ လမ်းလျှောက်လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းက ကယ်လိုရီများ လောင်ကျွမ်းသွားစေသဖြင့် ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်ကို တိုးတက်ကောင်းမွန်လာစေပြီး ကြွက်သားများ ကျစ်လျစ်သန်စွမ်းလာစေသည်။ လမ်းလျှောက်ခြင်းက ပြင်းထန်သော လေ့ကျင့်ခန်းမဟုတ်သဖြင့် ကြွက်သားနာကျင်မှု မဖြစ်စေနိုင်ပေ။ ထို့ကြောင့် အနာတရဖြစ်ပေါ်ခြင်း၊ နောက်တစ်နေ့ လမ်းထလျှောက်ရန်အတွက် ကြွက်သားနာ၍ မလျှောက်နိုင်ခြင်းမျိုးလည်း မဖြစ်စေနိုင်ပေ။


ခန္ဓာကိုယ်မှ အဆီပိုများ ဖယ်ရှားလိုလျှင်၊ ကြွက်သားများ သန်မာစေလိုလျှင် တစ်နေ့ ခြေလှမ်းရေ ၁၀၀၀၀ ခန့် လမ်းလျှောက်ပေးရုံမျှဖြင့် ရနိုင်ပါသည်။ ၎င်းထက်ပိုပြီး ပြင်းထန်သည့် လေ့ကျင့်ခန်းကို လိုချင်သူဖြစ်ပါက တောင်တက်လမ်းလျှောက်ခြင်းပြုလုပ်ပါ။ ထို့ပြင် စက္ကန့် ၃၀ မှ တစ်မိနစ်၊ နှစ်မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး တစ်ဖန် ပုံမှန်လမ်းလျှောက်ခြင်း၊ ထို့နောက် ခပ်မြန်မြန် ပြန်လည်လမ်းလျှောက်ခြင်းကလည်း ကြွက်သားများကို ထိထိရောက်ရောက် သန်မာစေပါသည်။ ဦးနှောက်ကို ကောင်းကျိုးပြုပါသည်။ အင်္ဂလန်နိုင်ငံတွင် အသက် (၆၅)နှစ်နှင့်အထက် အမျိုးသား အမျိုးသမီးကြီးများကို ရက်သတ္တပတ်လျှင် ခြောက်မိုင်ကျော်မျှ လမ်းလျှောက်စေခဲ့ရာ စိတ်ဖိစီးမှုများမရှိတော့ဘဲ ယခင်အခြေအနေထက် မှတ်ဉာဏ်စွမ်းရည်ပမာဏ ၄၀ ရာခိုင်နှုန်းအထိ တိုးတက်ကောင်းမွန်လာကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

စာမျက်နှာ ၁၃ သို့ ❂

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ထိုင်းနိုင်ငံခရီးစဉ်အတွင်း Nonthaburi မြို့ရှိ အလုပ်သမားသံရုံး ဖွင့်လှစ်မည့်နေရာအား ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသံအမတ်ကြီး ဦးချစ်ဆွေတို့သည် ယနေ့နံနက်ပိုင်းတွင် နွန်ထပူရီမြို့ရှိ အလုပ်သမားသံအရာရှိရုံး၊ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ် ယာယီအချက်အလက်ကောက်ယူရေးဌာနခွဲ(TDCC)နှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်(MOEAF)တို့၏ ရုံးခန်းနေရာများ ပြောင်းရွှေ့ဖွင့်လှစ်မည့်နေရာသစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလုပ်သမားသံအရာရှိရုံး ပြောင်းရွှေ့ဖွင့်လှစ်မည့်နေရာများနှင့် ဝန်ထမ်းအိပ်ဆောင်များ၊ သံအရာရှိရုံးသို့ အကူအညီတောင်းခံလာသည့် အလုပ်သမားများ ခေတ္တတည်းခိုနေထိုင်မည့်နေရာများ၊ ယာယီအချက်အလက်ကောက်ယူရေးဌာနခွဲ(TDCC)နှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) ရုံးခန်းဖွင့်လှစ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံငှားရမ်းရေး စာချုပ်ချုပ်ဆိုပြီး MOEAF မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလုပ်သမားသံအရာရှိရုံးအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီနှင့် ဝန်ကြီးဌာန၏ လမ်းညွှန်မှုကိုခံယူကာ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအပေါ် သက်ဆိုင်ရာနိုင်ငံမှ အလုပ်ရှင်များက လုပ်အားခေါင်းပုံဖြတ် မခံရစေရန် ကာကွယ်စောင့်ရှောက်မှုများပေးခြင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ အပြည့်အဝရရှိခံစားနိုင်ရေး ဆောင်ရွက်ပေးခြင်းနှင့် အလုပ်သမားရေးရာ အခက်အခဲများကို သက်ဆိုင်ရာနိုင်ငံရှိ ဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ အလုပ်သမားသံအရာရှိတစ်ဦး ခန့်ထားဆောင်ရွက်ခဲ့သော်လည်း အလုပ်သမားအရေအတွက် များပြားလာခြင်းနှင့် အလုပ်သမားရေးရာပြဿနာရပ်များကို ပိုမိုထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် အလုပ်သမားဝန်ကြီးဌာနမှ အလုပ်သမားသံအရာရှိ ငါးဦးကို တာဝန်ပေးစေလွှတ်ခဲ့ပြီး၊ MoU U–turn လုပ်ငန်းစဉ်နှင့် အခြားလုပ်ငန်းလိုအပ်ချက်များအရ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ညွှန်ကြားရေးမှူးအဆင့် အရာထမ်း တစ်ဦးကို အလုပ်သမားသံအရာရှိအဖြစ် ထိုင်းနိုင်ငံသို့ ထပ်မံစေလွှတ်တာဝန်ပေးအပ်ခဲ့ပြီး ဦးစီးအရာရှိအဆင့် အလုပ်သမားသံအရာရှိ တစ်ဦးကိုလည်း ထပ်မံသက်တမ်းတိုး တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ – ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ ထိုင်းနိုင်ငံသို့စေလွှတ်ခဲ့သည့် အလုပ်သမားနှင့် CI ထုတ်ပေးမှု အရေအတွက်မှာ ၁ ဒသမ ၁ သန်း၊ MoU လူသစ် သုည ဒသမ ၄၄ သန်း၊ MoU လူဟောင်း သုည ဒသမ ၁၆ သန်း စုစုပေါင်း ၁ ဒသမ ၇ သန်းအပြင် ယခု CI ထပ်ဆောင်ရွက်ရန် ရှစ်သိန်းကျော်ရှိရာ အကြမ်းဖျင်းအားဖြင့် ၂ ဒသမ ၅ သန်းရှိကြောင်း ခန့်မှန်းထားသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိပြီး တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

**သတင်းစဉ်**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရှမ်းပြည်နယ် လားရှိုးမြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့်တွေ့ဆုံ

**လားရှိုး ဒီဇင်ဘာ ၁၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် လားရှိုးမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (လားရှိုး) သို့ရောက်ရှိရာ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထိုကဲ့သို့တွေ့ဆုံရာတွင် နည်းပညာတက္ကသိုလ် (လားရှိုး)၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (လားရှိုး) တို့၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က တက္ကသိုလ်နှင့် ကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဒေသခံကျောင်းသားကျောင်းသူများ၏ ပညာသင်ကြား သင်ယူမှု အခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❂ စာမျက်နှာ ၁၂ မှ

အရိုးပွရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးပါသည်။ လမ်းလျှောက်နေစဉ် ကြွက်သားများက အရိုးများကို ဆွဲတင်ပေးပြီး ရွေ့လျားမှုဖြစ်ပေါ်စေသဖြင့် အရိုးများကို ပိုမိုသန်မာစေပါသည်။ စိတ်ဖိစီးမှုဖြစ်စေသော ကော်တီဇောဟော်မုန်းသည် အရိုးများ၏သိပ်သည်းဆကို လျော့ကျစေပြီး အရိုးပွရောဂါကို ဖြစ်စေတတ်သည်။ လမ်းများများလျှောက်ခြင်းဖြင့် ကော်တီဇောပမာဏ လျော့ကျသွားစေနိုင်သဖြင့် အရိုးပွခြင်းကို သက်သာလာစေသည်။ အထူးသဖြင့် သွေးမဆုံးမီနှင့် သွေးဆုံးပြီးစ အမျိုးသမီးများ အရိုးပွရောဂါမဖြစ်ရလေအောင် လမ်းမှန်မှန် လျှောက်ပေးရန် အထူးလိုအပ်ပါသည်။ ထို့ပြင် လမ်းလျှောက်ခြင်းက အရိုးအဆစ်များကို ကျန်းမာကြံ့ခိုင်စေသဖြင့် အဆစ်အမျက်ရောင်ဝေဒနာသည်များလည်း လမ်းလျှောက်လေ့ကျင့်ခန်း မှန်မှန်လုပ်သင့်ပါသည်။

ခန္ဓာကိုယ်အချိုးအစား ပြေပြစ်စေပါသည်။ လမ်းလျှောက်သည့်အခါ ခန္ဓာကိုယ်ကို မတ်မတ်ထား၍ ရင်ကိုဖွင့်ကာ သက်သောင့်သက်သာအနေအထားဖြင့် ပခုံးနှစ်ဖက်ကို ဖြေလျှော့ပြီး လက်နှစ်ဖက်ကို ဟန်ချက်ညီညီ အားရပါးရ လွှဲ၍လျှောက်ပေးရပါမည်။ ထိုကဲ့သို့ နည်းစနစ်မှန်မှန် လမ်းလျှောက်ခြင်းက ရင်ဘတ်ကြွက်သားများကို ကျစ်လျစ်လာစေသလို ခါးတစ်ဝိုက်ရှိ အဆီပိုများကိုပါ ဖယ်ရှားပေးနိုင်သဖြင့် ခန္ဓာကိုယ်အချိုးအစား ပြေပြစ်စေပါသည်။

အရိုးကျန်းမာရေးအတွက် ဗီတာမင်ဒီဓာတ်က မရှိမဖြစ်လိုအပ်သည်။ နံနက်ပိုင်း နေရောင်ခြည်နုနုအောက်တွင် နေပူစာလှုံရင်း လမ်းလျှောက်ခြင်းက ဗီတာမင်ဒီဓာတ် အပြည့်အဝရရှိစေမည်ဖြစ်ပါသည်။ ခပ်သွက်သွက်လမ်းလျှောက်ခြင်းဖြင့် သွေးလည်ပတ်စီးဆင်းမှု အားကောင်းစေကာ ခန္ဓာကိုယ်အနှံ့အပြားရှိဆဲလ်များထံ အောက်ဆီဂျင်ရောက်ရှိသွားစေ၍ လူကို လန်းဆန်းပေါ့ပါးကာ ခွန်အားဖြစ်စေပါသည်။ နေ့စဉ် ပုံမှန်လမ်းသွက်သွက်လျှောက်ခြင်းကြောင့် ကျန်းမာပျော်ရွှင်မှုကိုဖြစ်စေသည့် အန်ဒေါ်ဖင်ဟော်မုန်းများလည်း ပိုမိုထွက်ရှိလာပါသည်။ လေကို တဝကြီးရှူရှိုက်၍ ခပ်သွက်သွက်လမ်းလျှောက်ခြင်းက စိတ်၏ ထွက်ပေါက်ဖြစ်စေနိုင်သောကြောင့် အချိန်တိုအတွင်း စိတ်ဖိစီးမှုများကို ပြေပျောက်သွားစေသည်။ မျက်စိတိမ်အားကို လျော့ကျစေသဖြင့် မျက်စိတိမ်စွဲခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ အရေပြားသို့ သွေးစီးဆင်းမှု အားတိုးစေပြီး အရေပြားဆဲလ်များကို အာဟာရဖြစ်စေကာ အကျိုးရလဒ်အဖြစ် ကျန်းမာနုပျိုခြင်းကို ပိုင်ဆိုင်နိုင်ပါမည်။

နံနက်ခင်းစောစော လမ်းထလျှောက်သည့်အခါ တစ်ဦးတည်းလျှောက်ခြင်းထက် အနည်းဆုံး လမ်းလျှောက်ဖော်တစ်ယောက်ပါပါက ပို၍ကောင်းပါသည်။ အန္တရာယ်မကြုံတင်ကာကွယ်သည့်အနေဖြင့် ထီး သို့မဟုတ် လက်ကိုင်တုတ်တစ်ခုခု ဆောင်သွားပါ။ ယာဉ်အန္တရာယ်ကင်းဝေးစေရန် လမ်းဘေးမှကပ်လျှောက်ရန်လိုပါသည်။ သက်သောင့်သက်သာရှိစေသောဖိနပ်ကို ဝတ်ဆင်ခြင်းက ခြေထောက်နာ၊ ခြေထောက်ကွဲအက်ခြင်းမှ သက်သာစေပါသည်။ ချွေးစုပ်နိုင်သော ချည်သားစစ်စစ် အဝတ်အထည်များ ဝတ်ဆင်လျှင် ပို၍သင့်တော်ပါသည်။ လမ်းလျှောက်ပြီးနောက် ရေများများ သောက်ပါ သို့မဟုတ် ရေဘူးဆောင်ထားရန် လိုပါသည်။

အချုပ်ဆိုရသော် လမ်းလျှောက်သည်ဆိုရာ၌ ဆောင်းရာသီတစ်ခုတည်းသာမက နွေရော မိုးပါ ဥတုရာသီအချိန်အခါမရွေး လမ်းမှန်မှန်လျှောက်သော အလေ့အထကောင်းကို မွေးမြူသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိကိုယ်တိုင် တကယ်ကျန်းမာချင်ပါမှ၊ မိမိကိုယ်ကို စောင့်ရှောက်ချင်စိတ်ရှိပါမှ၊ မိမိကိုယ်ကို စောင့်ရှောက်တတ်ပါမှ၊ ကျန်းမာရေးအသိ သတိဖြင့် ဖွဲလုံ့လရှိပါမှ ရောဂါဘယကင်းဝေး၍ တကယ်ကျန်းမာနိုင်မည်ဖြစ်ပေသည်။

ဘဝစိန်ခေါ်မှုများစွာနှင့် လူမှုဘဝပတ်ဝန်းကျင်တွင် စိတ်ဖိစီးမှုများ များပြားလာကြသည်။ ထိုအခါ စိတ်ထွက်ပေါက်အဖြစ် လမ်းများများလျှောက်ပေးသင့်ပါသည်။ စုပေါင်းလမ်းလျှောက်ခြင်းသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုကိုရသကဲ့သို့ ပျော်ရွှင်မှုကိုလည်း အမှန်အကန်ရရှိစေပါသည်။ သို့ပါ၍ ကိုယ်ခန္ဓာသန်စွမ်းစေရန်၊ စိတ်နှလုံးရွှင်ပြုံးစေရန်၊ စိတ်ရောကိုယ်ပါ ကျန်းမာရန် စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လားရှိုးမြို့သို့သွားရောက်၍ ယာယီနေရပ်စွန့်ခွာသူ တိုင်းရင်းသားပြည်သူများကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံခြင်း၊ အားပေးစကားပြောကြားခြင်းနှင့် ငွေကျပ်သိန်းငါးထောင်၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့လှူဒါန်းခဲ့မှု၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံသို့သွားရောက်၍ စစ်သည်များ၊ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို သွားရောက်ကြည့်ရှု၍ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခြင်းနှင့် ငွေကျပ်သိန်းငါးထောင် ထောက်ပံ့ပေးအပ်ခဲ့ပြီး စစ်သည်၊ ရဲမေများ၏တင်ပြချက်များအပေါ် အားပေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများမှ သက်ဆိုင်ရာဆေးရုံများ၊ ယာယီနေရပ်စွန့်ခွာစခန်းနေရာများနှင့် ကျောင်းများသို့သွားရောက်၍ အားပေးစကားပြောကြားပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ၁၀-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ လားရှိုးမြို့ကိုသွားရောက်ခဲ့ပါတယ်။ အဲဒီမှာ ယာယီနေရပ်စွန့်ခွာသူတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အောက်တိုဘာလ ၂၇ ရက်နေ့ကနေစပြီး MNDAA ၊ TNLA ၊ AA နဲ့ PDF အကြမ်းဖက်သောင်းကျန်းသူတွေက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ မြို့၊ ရွာတွေကို တိုက်ခိုက်ခဲ့တာတွေ၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်အောင် လမ်း၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တာတွေ၊ မူဆယ်(၁၀၅)မိုင်မှာ ကားဝင်းကိုတိုက်ခိုက်ခဲ့ပြီး ကျွန်တော်တို့ပြည်သူလူထုပိုင်ဆိုင်တဲ့ယာဉ်တွေ မီးလောင်ပျက်စီးခဲ့ရတာတွေရှိပါတယ်။ လားရှိုးမြို့အနီးတစ်ဝိုက်နဲ့သိန္နီမြို့က အိမ်ထောင်စု ၁၄၂၈ စု၊ လူဦးရေ ၅၀၀၀ ခန့် ယာယီနေရပ်စွန့်ခွာနေရပါတယ်။ အဲဒီမှာရှိတဲ့ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေ၊ ခရစ်ယာန်ဘာသာရေးကျောင်းတွေ၊ ရုံးတွေ၊ အဆောက်အအုံတွေမှာ ယာယီနေရပ်စွန့်ခွာသူတွေအဖြစ် နေထိုင်နေရတာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ငွေကျပ်သိန်းငါးထောင် လှူဒါန်းခဲ့ပါတယ်။ အဝတ်အထည်တွေ၊ ဆန်တွေ၊ စားသောက်ဖွယ်ရာတွေ၊ လှူဖွယ်ရာတွေ ကျွန်တော်တို့လှူဒါန်းခဲ့ပါတယ်။ ဒီယာယီနေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူတွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံပြီး အားပေးစကားများ ပြောကြားခဲ့ပါတယ်။ မိမိဒေသကို ပြန်လည်ရောက်ရှိချိန်မှာလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုပူးပေါင်းပြီး ဆောင်ရွက်ကြဖို့လည်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်နဲ့အတူပါသွားတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတွေအနေနဲ့လည်း သက်ဆိုင်ရာဆေးရုံတွေ၊ ယာယီနေရပ်စွန့်ခွာသူတွေ နေထိုင်ရာစခန်းနေရာတွေ၊ ကျောင်းတွေကို သွားရောက်ပြီး အားပေးစကားပြောကြားတာတွေ၊ သက်ဆိုင်ရာဖြည့်ဆည်းဆောင်ရွက်ပေးတာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ပြောကြားချင်တာကတော့ တိုက်ပွဲတွေကြောင့် ပြည်သူလူထုဘယ်လောက်အထိ အတိဒုက္ခရောက်ရတယ်ဆိုတာကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ၊ တည်ငြိမ်မှုဘဝ ပျက်ယွင်းရတာတွေကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။ ဒီနေရာမှာ ယာယီနေရပ်စွန့်ခွာ ပြည်သူလူထုကို ကူညီစောင့်ရှောက်ပေးနေတဲ့ လူမှုရေးအသင်းအဖွဲ့တွေ၊ ဘာသာရေးအသင်းအဖွဲ့တွေ၊ လူမှုရေးခေါင်းဆောင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေ၊ ပရဟိတအဖွဲ့တွေကိုလည်း နိုင်ငံတော်၊ တပ်မတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးက အထူးကျေးဇူးတင်ရှိပါကြောင်း လေးလေးနက်နက်




ပြောကြားလိုပါတယ်။ ဒီလိုသွားရောက်တဲ့ခရီးစဉ်မှာ နိုင်ငံတစ်ခုလုံးကို ခေါင်းဆောင်နေရတဲ့ ခေါင်းဆောင်ရဲ့စိတ်ဓာတ်၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို လူမျိုး၊ ဘာသာမခွဲခြားဘဲ စောင့်ရှောက်ပေးနေရတဲ့ နိုင်ငံတော်ခေါင်းဆောင်ရဲ့ ဖခင်သဖွယ်စိတ်ဓာတ်တွေကို အတိုင်းသား တွေ့မြင်နိုင်ပါတယ်။ တွေ့ဆုံခဲ့ရတဲ့ ယာယီနေရပ်စွန့်ခွာ ပြည်သူလူထုအနေနဲ့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရတာတွေ၊ အားတက်သရောဖြစ်ရတာတွေ၊ အားတက်သရောဆွေးနွေးတာတွေ၊ ကြိုဆိုတာတွေ၊ နှုတ်ဆက်တာတွေ တွေ့ရပါတယ်။ နိုင်ငံတစ်ဝန်းမှာ သဘာဝဘေးအန္တရာယ်ပဲဖြစ်သည်ဖြစ်စေ၊ အခုလို လူတွေဖန်တီးတဲ့အတွက် ပြည်သူလူထုဒုက္ခရောက်ရတဲ့ လက်နက်စွဲကိုင်ပြီး အာဏာလိုချင်နေတဲ့၊ ကိုယ်ကျိုးစီးပွားတည်ဆောက်နေတဲ့ အဖွဲ့ အစည်းတွေရဲ့ ကိုယ်ကျိုးရှာမှုတွေကြောင့်၊ လက်နက်ကိုင်ပဋိပက္ခတွေဖန်တီးမှုကြောင့် ပြည်သူလူထုဒုက္ခရောက်တိုင်းမှာ စောင့်ရှောက်ရတာက နိုင်ငံတော်အစိုးရ၊ တပ်မတော်ပဲ ဖြစ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးကလည်း သိနေပြီး လက်နက်ကိုင်ပဋိပက္ခတွေ အမြန်ဆုံးချုပ်ငြိမ်းရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ နမ့်ခမ်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ တာမိုးညဲဘက်မှာရှိပါတယ်။ လောက်ကိုင်မှာတော့ မြို့ရဲ့တောင်ဘက်နေရာမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ လွိုင်ကော်မှာတော့ KNPP ၊ PDF အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ လွိုင်ကော်ဈေးကို အတင်းဝင်ရောက်ပြီး ပစ္စည်းတွေလုယက်တာတွေ၊ လူမနေတဲ့ဆိုင်ခန်းတွေမှာ ဝင်ရောက်နေရာယူတာတွေ၊ မီးရှို့ဖျက်ဆီးခဲ့တာတွေ လုပ်ခဲ့ပါတယ်။ လွိုင်ကော်ပြည်နယ်ရဲရုံးဘက်မှာ ထိတွေ့တိုက်ပွဲ ဖြစ်ပွားနေဆဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ နန်းဘူးမှာ ထိတွေ့တိုက်ပွဲ ဖြစ်ပွားနေတာရှိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ လားရှိုးမှာရှိတဲ့စစ်ဆေးရုံကို သွားရောက်ပြီးတော့ စစ်သည်တွေ၊ မိသားစုဝင်တွေရဲ့ ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါတယ်။ စစ်သည်တွေ၊ မိသားစုဝင်တွေနဲ့တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်တာတွေ၊ အားပေးစကားပြောကြားတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ငွေကျပ်သိန်းငါးထောင် ထောက်ပံ့ပေးအပ်ခဲ့ပြီး စစ်သည်၊ ရဲမေတွေရဲ့ တင်ပြချက်တွေ၊ အခက်အခဲတွေအပေါ် အားပေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ စစ်သည်၊ ရဲမေတွေက နိုင်ငံတော်နဲ့တပ်မတော်က အားကိုးအားထားပြုရတဲ့ စစ်သည်၊ ရဲမေများပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲအပေါ်မှာထားရှိတဲ့ အားကိုးအားထားပြုမှုကိုလည်း အတိုင်းသားတွေ့မြင်ခဲ့ရပါတယ်။ ဒါ့အပြင် နိုင်ငံတော်နဲ့ တပ်မတော်အကြီးအကဲ၊ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တပ်မတော်ခေါင်းဆောင်တွေအနေနဲ့လည်း တပ်မှူးကောင်းစိတ်ဓာတ် (Commender Spirit) နဲ့ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ကို ပြသနိုင်ခဲ့ပါတယ်။ တိုက်ပွဲဖြစ်ပွားရာဒေသနဲ့ အနီးစပ်ဆုံးဒေသတွေအထိသွားရောက်ပြီး အားပေးတာတွေ၊ စောင့်ရှောက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရဲဘော်စိတ်ဆိုတာ ရဲဘော်အချင်းချင်းအပေါ်မှာထားရှိတဲ့ မေတ္တာတရား၊ သံယောဇဉ်တရားနဲ့ သစ္စာစောင့်သိမှုတရားတွေပဲ ဖြစ်ပါတယ်။ ဒီရဲဘော်စိတ်နဲ့ပဲ တပ်မတော်က မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းသောင်းကျန်းမှုကနေ လွတ်မြောက်အောင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီနေ့မှာ ဒီရဲဘော်စိတ်နဲ့ပဲ နိုင်ငံ့ခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်တွေက ရှေ့တန်းစစ်မျက်နှာနဲ့ အနီးဆုံးနေရာအထိသွားရောက်ပြီး အားပေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တွေ့ခဲ့ရတဲ့ စစ်သည်၊ ရဲမေတွေအနေနဲ့လည်း ဒီရဲဘော်စိတ်နဲ့ပဲ နိုင်ငံ့ခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်တွေအပေါ်မှာ အားကိုးအားထားပြုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တပ်မတော်အနေနဲ့ ဒီရဲဘော်စိတ်နဲ့ပဲ နိုင်ငံတော်၊ ပြည်သူနဲ့တပ်မတော်ကို ခိုင်ခိုင်မာမာ ကာကွယ်သွားမယ်ဆိုတာ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။




## ဒေးဒရဲမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကဗျာရေးသားနည်းသင်တန်းဖွင့်

**ဒေးဒရဲ ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော အနာဂတ်လူငယ်လူရွယ်များပေါ်ထွက်လာစေရေး ရည်ရွယ်၍ ကဗျာရေးသားနည်းသင်တန်းကို လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ အခြေခံပညာ အထက်တန်းပြ ဆရာမ ဒေါ်စုစုငွေးက ကဗျာရေးသားရာတွင် ပါဝင်ရမည့် အခြေခံအချက်များနှင့် ရေးသားနည်းများကို သင်ကြားပို့ချရာ မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများ တက်ရောက် သင်ယူလျက်ရှိပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

ဒေးဒရဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများအား စာစီစာကုံးရေးသားနည်း၊ ကဗျာရေးသားနည်းနှင့် သိုင်းသင်တန်းများကို အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အဂတိလိုက်စားမှုနှင့် မျိုးဆက်သစ်တို့အတွက် ဆိုးမွေများ

ဇင်ငြိမ်း




**ဝိသမလောဘ**

အဂတိလိုက်စားမှုသည် လူ့သဘာဝ အရဖြစ်တတ်သည့် အကျင့်စရိုက်ဆိုး တစ်ခုဖြစ်ပါသည်။ ထိုအကျင့်စရိုက်ဆိုးသည် ဝိသမလောဘကို အခြေခံပါသည်။ လောဘဆိုသည်မှာ လိုချင်တပ်မက်ခြင်းဖြစ်ပါသည်။ လူတိုင်းတွင် လောဘအနည်းနှင့်အများ ရှိတတ်ကြသည်။ သို့သော် အတ္တကြီးသူတို့သည် ထိုလောဘနောက်သို့ လိုက်ရင်း သောက်လေသောက်လေ ငတ်မပြေ သကဲ့သို့ လောဘတဏှာကျွန် ဖြစ်လာကြပါသည်။

လောဘတဏှာကျွန် ဖြစ်လာသည့်အခါ အမှား/အမှန်၊ သင့်/မသင့် ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်မရှိတော့ဘဲ မျက်တောင်မွေးတစ်ဆုံးသာ ကြည့်တတ်ကြပါသည်။ လူ့အဖွဲ့အစည်းဆိုသည်က အများနှင့် စုပေါင်းနေထိုင်လုပ်ကိုင်ကြသည့်အတွက် မိမိတစ်ကိုယ်စာ အမြင်ကျဉ်းကျဉ်းဖြင့် ရပ်တည်၍မရနိုင်ပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အမှီသဟဲပြုရင်း သူ့အကျိုး၊ ကိုယ့်အကျိုး အပြန်အလှန် သယ်ပိုးကြရပါသည်။ ယင်းမှာ လူ့စည်းပင်ဖြစ်ပါသည်။ သို့သော်လည်း အချို့သောသူတို့သည် ဝိသမလောဘ လွန်ကဲစွာဖြင့် စည်းစောင့်ထိန်းမှုမရှိတော့ဘဲ အဂတိလိုက်စားနေကြပါသည်။

ဝိသမလောဘဆိုသည်မှာ ဝိသမလောဘ ဘိဘူတာ၊ ဝိသမလောဘ သူတစ်ပါးထံကနေ မတရားသဖြင့် လိုသည်ထက်ပိုပြီး အလွန်အကျွံလောဘ ရမ္မက်ကြီးစွာ ရယူလိုချင်တဲ့လောဘ ဟုဆိုပါသည်။ မြန်မာအဘိဓာန်တွင် ဝိသမလောဘအား မတရားသော၊ လွန်ကဲသောလောဘ (ပါ၊ ဝိသမလောဘ) ဟု ဖွင့်ဆိုပါသည်။ သမလောဘ၏ ဆန့်ကျင်ဘက်မှာ ဝိသမလောဘ ဖြစ်ပါသည်။ ဝိသမလောဘနှင့် ပတ်သက်၍ အင်္ဂုတ္တရနိကာယ် တိကနိပါတ် ပလောကသုတ်တွင် လူများ၏ မတရားအဓမ္မလောဘနှင့် တပ်မက်မှုများကြောင့် မြို့၊ ရွာများ ပျက်စီးခြင်းရောက်ရပုံကို မြတ်စွာဘုရားက ဟောကြားထားပါသည်။ လူများတွင် ဝိသမလောဘများ အတိုင်းအဆမဲ့ ကြီးမားလာသည့်အခါတွင် ဥပဒေ၊ ကျင့်ဝတ်၊ ကိုယ်ချင်းစာတရား၊ စာရိတ္တနှင့် အရှက်အကြောက်တို့ ကင်းမဲ့လာပြီး အဂတိလိုက်စားမှုများ ကျူးလွန်လာကြပါသည်။

**အဂတိလိုက်စားမှု**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတွင် အဂတိလိုက်စားမှုအား ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယင်းဖွင့်ဆိုချက်တွင် "မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း" နှင့် "မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်မှုရှိသော သဘောတူစာချုပ် တစ်ခုတွင်ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း" တို့ ပါဝင်ပါသည်။

အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အယူအဆများစွာ ရှိသော်လည်း အဓိကဆိုလိုရင်းမှာ ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူ့အာဏာအား အလွဲသုံးစားပြုလုပ်ခြင်းဟု ကမ္ဘာ့ဘဏ်က ဆိုပါသည်။

**အရင်းခံအကြောင်းတရားများ**

အဂတိလိုက်စားမှုများသည် အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာ မည်သည့်နယ်ပယ်၊ မည်သည့်ကဏ္ဍ၊ မည်သည့်အဆင့်အတန်းတွင်မဆို ဖြစ်နိုင်ပါသည်။ အဂတိလိုက်စားသူများသည် ဥပဒေချိုးဖောက်၍လည်းကောင်း၊ ကျင့်ဝတ်ချိုးဖောက်၍လည်းကောင်း ကျူးလွန်ကြပါသည်။ ထိုအခါ အဂတိလိုက်စားမှုများသည် ကင်ဆာရောဂါပမာ လူ့အဖွဲ့အစည်းအတွင်း အမြစ်စွဲလာပြီး တဖြည်းဖြည်းနှင့် အကျင့်ပျက်စရိုက်တစ်ခုအဖြစ် ကျယ်ပြန့်လာပါသည်။ ထိုအဂတိလိုက်စားမှုများ၊ အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်လာခြင်း၊ အမြစ်စွဲကျယ်ပြန့်လာခြင်းနှင့် ၎င်း၏အကျိုးဆက်များ ခံစားလာရခြင်းများတွင် အရင်းခံအကြောင်းတရားများ များစွာရှိပါသည်။

အဂတိလိုက်စားမှုသည် လူ၏လောဘကို အခြေခံသည်ဆိုသော်လည်း အဂတိလိုက်စားမှုဖြစ်စေသည့် တစ်ဦးချင်း၏ နောက်ခံအခြေအနေများရှိကြပါသည်။ အချို့သည့် ငွေကြေး၊ ရာထူး၊ ဂုဏ်၊ အောင်မြင်မှုများ ပြည့်စုံနေသည့်တိုင် ၎င်းတို့ကိုယ်တိုင်၏ အဆုံးမသတ်နိုင်သော ဝိသမလောဘနှင့် ပတ်ဝန်းကျင်အခြေအနေပေးမှုတို့ကြောင့် ဖြစ်ပါသည်။ အချို့မှာ ၎င်းတို့၏ဘဝ အသက်ရှင်ရပ်တည်ရန် လုံလောက်မှုမရှိခြင်းနှင့် အဂတိလိုက်စားရန် ပတ်ဝန်းကျင်အခြေအနေပေးခြင်းတို့ကြောင့် အဂတိလိုက်စားမှု ကျူးလွန်ကြပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း အသိပညာ၊ စဉ်းစားဆင်ခြင်တုံတရား၊ လူမှုကျင့်ဝတ်၊ ကိုယ်ချင်းစာစိတ်၊ ယဉ်ကျေးမှုစသည်တို့ လျော့နည်းလာသည့်အခါ အဂတိလိုက်စားမှုကဲ့သို့သော အကျင့်ပျက်မှုများ ဖြစ်ပွားစေနိုင်ပါသည်။

အများနှင့်ဆိုင်သော အကြောင်းတရားများတွင် ဗဟိုချုပ်ကိုင်မှုများခြင်း၊ အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်အားနည်းမှု၊ ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးလွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ တာဝန်ယူတာဝန်ခံမှုမရှိခြင်း၊ အပြန်အလှန်ထိန်းကျောင်းမှုမရှိခြင်း၊ ဝန်ထမ်းများ၏ လုပ်ခလစာမလုံလောက်မှု၊ သတင်းလွတ်လပ်ခွင့်၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး၊ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒနှင့် အကောင်အထည်ဖော်မှု အားနည်းခြင်း၊ ဒီမိုကရေစီအလေ့အကျင့်များနှင့် လူထု၏ပူးပေါင်းလုပ်ဆောင်မှု အားနည်းခြင်း၊ ယှဉ်ပြိုင်မှုအားနည်းခြင်း၊ ဆင်းရဲမွဲတေမှုများ၊ ပညာရေးအားနည်းခြင်း၊ နိုင်ငံရေးမတည်ငြိမ်မှုကဲ့သို့သော အကြောင်းရင်းများ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပါဝင်နေတတ်ပါသည်။ အထက်ပါအကြောင်းရင်းများကို အခြေခံ၍ အဂတိလိုက်စားမှုများသည် အသေး၊ အကြီး၊ အတိမ်အနက်နှင့် ကျယ်ပြန့်မှုများ ကွာခြားသွားကြပါသည်။ အဂတိလိုက်စားမှု ကြီးထွားလာသည်နှင့် ဖြစ်ပေါ်လာသည့် ရေတို၊ ရေရှည် အကျိုးဆက်များလည်း ကြီးမားကြပါသည်။

**ဆုံးရှုံးမှုကြီးမား**

ကိုယ်ကျိုးအတွက် အာဏာအလွဲသုံးစားပြု၍ အဂတိလိုက်စားမှုများကြောင့် ကမ္ဘာတစ်ဝန်းမှ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆုံးရှုံးနစ်နာမှုများမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆ ထရီလီယံရှိကြောင်း ကုလသမဂ္ဂက ဆိုပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် တစ်ဦးချင်းစီမှ လာဘ်ပေးရမှုမှာ နှစ်စဉ် ခန့်မှန်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံရှိကြောင်း သိရပါသည်။ အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံးနစ်နာရသည့် ငွေကြေးများအနက် အများပြည်သူဆိုင်ရာ ဘဏ္ဍာငွေများလည်း ပါဝင်နေရာ ယင်းဆုံးရှုံးမှုသည် ငွေကြေး တစ်ခုတည်းတွင်သာ ဆုံးရှုံးရသည် မဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားကဏ္ဍများ၏တိုးတက်မှုကိုလည်း ထိခိုက်စေပါသည်။ အဂတိလိုက်စားမှုကြောင့် တိုက်ရိုက် ဆုံးရှုံးနစ်နာမှုများအပြင် သွယ်ဝိုက်၍လည်း ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပါသည်။

အဂတိ လိုက်စားမှုများကြောင့် စီးပွားရေးအခွင့်အလမ်းများ လျော့နည်းခြင်း၊ ယုံကြည်မှုမရှိခြင်း၊ အချိန်ကြန့်ကြာခြင်း၊ အရည်အသွေး မပြည့်ဝခြင်းကဲ့သို့သော နောက်ဆက်တွဲအကျိုးဆက်များသည် ပြည်သူလူထု၏ အကျိုးစီးပွားများကို ရေရှည်ထိခိုက်စေလျက်ရှိပါသည်။

**ရေရှည်ထိခိုက်ဆုံးရှုံးမှု**

အဂတိလိုက်စားမှုကြောင့် ရေတိုဆိုးကျိုးများအပြင် ရေရှည်ဆိုးကျိုးများလည်း ဖြစ်ပေါ်စေပါသည်။ လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှု အမြစ်စွဲနေခြင်းများကြောင့် အနာဂတ်မျိုးဆက်သစ်များအတွက် ဆိုးမွေများကို ဖြစ်ပေါ်စေပါသည်။ ယင်းဆိုးမွေများတွင် ဥပဒေလေးစားလိုက်နာမှု၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု၊ နိုင်ငံချစ်စိတ်ကဲ့သို့သော စိတ်ပိုင်းဆိုင်ရာအရည်အသွေးများကို ကျဆင်းစေပါသည်။ အလားတူပင် နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဲ့သို့သော ကဏ္ဍများတွင် အဂတိလိုက်စားမှုများကြောင့် ယင်းကဏ္ဍများ၏ စွမ်းဆောင်ရည်များ ကျဆင်းလာသည့်အတွက် ပညာရေးအရည်အသွေးကျဆင်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း၊ လူမှုရေးစံနှုန်းများ ကျဆင်းခြင်းကဲ့သို့သော ရေရှည်ထိခိုက်မှုများ ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ **စာမျက်နှာ ၁၇ သို့** ❑

**" အများနှင့်ဆိုင်သောအကြောင်းတရားများတွင် ဗဟိုချုပ်ကိုင်မှုများခြင်း၊ အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်အားနည်းမှု၊ ရှုပ်ထွေးသောလုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးလွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ တာဝန်ယူတာဝန်ခံမှုမရှိခြင်း၊ အပြန်အလှန်ထိန်းကျောင်းမှုမရှိခြင်း၊ ဝန်ထမ်းများ၏ လုပ်ခလစာမလုံလောက်မှု၊ သတင်းလွတ်လပ်ခွင့်၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး၊ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒနှင့် အကောင်အထည်ဖော်မှုအားနည်းခြင်း၊ ဒီမိုကရေစီအလေ့အကျင့်များနှင့် လူထု၏ပူးပေါင်းလုပ်ဆောင်မှုအားနည်းခြင်း၊ ယှဉ်ပြိုင်မှုအားနည်းခြင်း၊ ဆင်းရဲမွဲတေမှုများ၊ ပညာရေးအားနည်းခြင်း၊ နိုင်ငံရေးမတည်ငြိမ်မှုကဲ့သို့သော အကြောင်းရင်းများ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ပါဝင်နေတတ် "**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kumming Yundi Behavior & Health Research Centre ၏ ဖိတ်ကြားချက်အရ (၂၀၂၃ ခုနှစ်) တရုတ်မြန်မာပေါက်ဖော် မီဒီယာဖလှယ်ရေးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် အဖွဲ့ဝင်ငါးဦးနှင့်အတူ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒီဇင်ဘာ ၄ ရက်တွင် ထွက်ခွာရာ ညနေပိုင်းတွင် ကူမင်းမြို့သို့ ရောက်ရှိပြီး ဒီဇင်ဘာ ၅ ရက်တွင် ကူမင်းမြို့မှ အမြန်ရထားဖြင့် တာလီမြို့သို့ ရောက်ရှိသည်။

ထို့နောက် တောင် ၁၉ လုံးနှင့် ချောင်း ၁၈ ချောင်း တည်ရှိပါဝင်ရာ Cangshan တောင်တန်းသို့ ဒေသသဘာဝအလှရှုခင်းများနှင့် ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်ရုပ်တုများကို လေ့လာပြီး ညပိုင်းတွင် Yang Liping ဇာတ်ရုံ ယူနန် အနုပညာရှင်များ၏ တိုင်းရင်းသားရိုးရာအကများကို ကြည့်ရှုသည်။

**ကြည့်ရှုလေ့လာ**

ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရှေးခေတ် နန်ကျောက် ဘုရင်ကိုးပါး ရဟန်းဝတ်ခဲ့ဖူးသော ဘုရားသုံးဆူ (Three pagodas of CHONG SHENG TEMPLE)ကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တာလီမြို့အနီးရှိ ရှိကျုံးမြို့နယ်၏ သဘာဝအလှရှုခင်းများနှင့် ကျေးရွာတွင် မင်္ဂလာပွဲ ဆင်နွှဲနေပုံကိုလည်းကောင်း ကြည့်ရှုလေ့လာသည်။

ဒီဇင်ဘာ ၇ ရက်တွင် ရှေးဘုရင်များ နန်းစိုက်နေထိုင်ခဲ့ရာ တာလီမြို့ဟောင်းအတွင်းနှင့် ဒေသရိုးရာငွေပန်းထိမ်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်းနှင့် ကုန်သွယ်ကူးသန်းမှု လုပ်ငန်းများကို ကြည့်ရှုလေ့လာပြီး ညနေပိုင်းတွင် တစ်ချိန်က တံငါရွာလေးဖြစ်ခဲ့သော်လည်း ယခုအခါ အစိုးရ၏စီမံခန့်ခွဲမှုဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်ကြီးများ၊ ရှုကြည့်စရာ ရှုခင်းသာများကြောင့် Santorini စီးပွားရေးဇုန်အဖြစ် ကမ္ဘာလှည့် ခရီးသည်များဖြင့် စည်ကားဖွံ့ဖြိုးနေမှုများကို ကြည့်ရှုလေ့လာသည်။ ညနေပိုင်းတွင် တာလီဘူတာမှ အမြန်ရထားဖြင့် ပြန်လည်ထွက်ခွာရာ ကူမင်းမြို့သို့ ရောက်ရှိသည်။

ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် Kuming Jun Jiang Hotel ၌ (၂၀၂၃ ခုနှစ်) တရုတ်မြန်မာပေါက်ဖော်မီဒီယာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်ရေး အစည်းအဝေးကို ကျင်းပရာ တရုတ်နိုင်ငံဘက်မှ ယူနန်မင်စုတက္ကသိုလ်၊ ယူနန်တက္ကသိုလ်များရှိ အမျိုးသားရေးဆိုင်ရာလေ့လာရေးဌာန၊ သမိုင်းသုတေသနဌာန၊ မျက်စိသွေးကြောနှင့် မွေးရာပါနှလုံးရောဂါကုသမှုဌာနများမှ ပါမောက္ခများနှင့် ယူနန်ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်သည်။

တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူများက ၎င်းတို့ကဏ္ဍအလိုက် နှစ်နိုင်ငံပေါင်းစပ်ဆောင်ရွက်ခဲ့မှုများနှင့် အနာဂတ်မျှော်မှန်းချက်များကို ဆွေးနွေးပြီး မြန်မာနိုင်ငံဘက်မှ ပြန်လည်ဆွေးနွေးရာတွင် တရုတ်နိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၅၆ မျိုးရှိသကဲ့သို့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၀ ကျော်ရှိကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံနည်းတူ တိုင်းရင်းသားများအရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် မိမိတို့နိုင်ငံအစိုးရက စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် သတင်းမီဒီယာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုအကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒီဇင်ဘာ ၉ ရက်တွင် လေ့လာရေးအဖွဲ့သည် တရုတ်အမျိုးသားပြတိုက်နှင့် ကူမင်းမြို့အတွင်း လှည့်လည်လေ့လာပြီး ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**သတင်းစဉ်**



# တီးတိန်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**တီးတိန် ဒီဇင်ဘာ ၁၀**

ချင်းပြည်နယ် တီးတိန်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တီးတိန်စံကိုက်ညီကျောင်းဆောင်၌ ကျင်းပသည်။

ဦးစွာ တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မန်းတူလ်းကျိန်က လူငယ်စကားဝိုင်း ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်၌ လူငယ်စကားဝိုင်းများ ကျင်းပ

**မင်းဘူး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တောင်ရပ်ကျောင်းနှင့် ကျွဲတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့၌ လူငယ်စကားဝိုင်းများကို ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စကုမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တောင်ရပ်ကျောင်းနှင့် ကျွဲတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့မှ ကျောင်းအုပ်ဆရာ ဆရာမများက အဖွင့်အမှာစကားများ ပြောကြားပြီး မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်၊ ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းနှင့် ကျောင်းသား ကျောင်းသူလေးများက လူငယ်နှင့်ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူး စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဝိုင်းဖွဲ့၍ ဆွေးနွေးခဲ့ကြပြီးနောက် တက်ရောက်လာကြသူများ၏ သိရှိလိုသောမေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ အခမ်းအနားအပြီးတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသပေးထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**




မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ ၁၂/၂၀၂၃ အလုပ်အမှုဆောင်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ယင်းရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားပြီး နာယက ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အခမ်းအနားမှူး ဦးလှကြူ(ဘဏ္ဍာရေးမှူး)က ယခင်လ အစည်းအဝေးမှတ်တမ်းကို ဖတ်ကြား၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ဗဟိုဒုတိယဥက္ကဋ္ဌ ဦးမျိုးမင်းဝင်း(စည်းကမ်းထိန်းသိမ်းရေးနှင့် ညှိနှိုင်းဖျန်ဖြေရေးဥက္ကဋ္ဌ)၊ ဗဟိုဒုတိယဥက္ကဋ္ဌ ဦးသောမတ်(ပြန်ကြားအဖွဲ့ဥက္ကဋ္ဌ)၊ ဗဟိုဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း(သဘာဝဘေးအန္တရာယ်ကူညီထောက်ပံ့ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ)၊ လူမှုရေးရာအဖွဲ့အတွင်းရေးမှူး ဦးဥက္ကာဆန်းဆင့်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့မှ ဘဏ္ဍာရေးမှူး ဦးလှကြူ၊ ဥပဒေရေးရာဖွဲ့ဥက္ကဋ္ဌ ဦးရဲအောင်မြင့်တို့က ကဏ္ဍအလိုက် တင်ပြဆွေးနွေးရာ တာဝန်ရှိသူများကဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**တင်ဝင်းတင်**

❑ စာမျက်နှာ ၁၆ မှ

မိမိတို့ပတ်ဝန်းကျင်တွင် အဂတိလိုက်စားသည့် အကျင့်စရိုက်များ အမြစ်တွယ်လာပါက တစ်ဦးချင်းအဆင့်မှ အစုလိုက်၊ အဖွဲ့လိုက်အထိ ကျူးလွန်လာကြမည်ဖြစ်ပါသည်။ အဂတိလိုက်စားနေသည့် လူ့အဖွဲ့အစည်းသည် ခြစားနေသည့် နေအိမ်နှင့် တူပါသည်။ ခြစားနေသည့်အိမ်သည် ကြာလေ ပျက်လေသာ ဖြစ်ပါလိမ့်မည်။ ခြကောင်ကဲ့သို့ပင် အဂတိလိုက်စားသူများသည် လူ့အဖွဲ့အစည်းအား လိုက်စားခြင်းဖြစ်ရာ ၎င်းတို့သည် ဥပဒေလေးစားလိုက်နာမှု၊ ကျင့်ဝတ်စောင့်ထိန်းမှု၊ ကိုယ်ချင်းစာတရား၊ အရှက်၊ သိက္ခာတို့ ရှိမည်မဟုတ်ချေ။ ၎င်းတို့သည် ကိုယ်ကျိုးစီးပွားရရှိရေးကိုသာ ဦးထိပ်ထားသူများဖြစ်သဖြင့် ဘနဖူးသိုက်တူးရန် ဝန်လေးနေမည်မဟုတ်ပါ။

**ကောင်းမွေများ လက်ဆင့်ကမ်း**


ထိုသို့သော အဂတိလိုက်စားမှုများကြောင့် မျိုးဆက်သစ်လူငယ်တို့သည် ဖြစ်လာသည့် ဆိုးကျိုးများကို ခံစားကြရသည့်အပြင် အကျင့်ပျက်မှု စရိုက်ဆိုးမွေများနှင့်လည်း ရင်ဆိုင်ကြရပါသည်။ ပုံပြင်ထဲမှ ကျေးညီနောင်ကဲ့သို့ပင် ဖြစ်ပါသည်။ သူခိုးဓားပြများထံ ရောက်သွားသည့် ကျေးသည် သူခိုးဓားပြအကျင့်စရိုက်များကိုရရှိပြီး ရသေ့ကျောင်းသင်္ခမ်းသို့ ရောက်သွားသည့် ကျန်ကျေးတစ်ကောင်သည် သူတော်ကောင်းအပြုအမူများရရှိပါသည်။ လူ့အဖွဲ့အစည်းဆိုသည်က မျိုးဆက်တစ်ခုနှင့်တစ်ခု ကောင်းမွေဆိုးမွေများ ဆက်လက် ကမ်းတတ်ကြပါသည်။ အတုမြင် အတတ်သင်ကြပါသည်။ ဓလေ့စရိုက်တစ်ခုပမာ အမြစ်စွဲနေသည့် အကျင့်ပျက်စရိုက်ဆိုးများသည် မျိုးဆက်သစ်တို့အတွက် အမှားသရုပ်ပြမှုများဖြစ်ကြသည်။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးဆိုသည့် စကားသည် အလုံးစုံ မမှန်ကန်နိုင်သော်လည်း လူ့သဘာဝအရ အတုမြင်အတတ်သင်တတ်ကြသဖြင့် လူငယ်တို့၏ အကျင့်စာရိတ္တမဏ္ဍိုင်ကို ပျက်ပြားစေနိုင်ပါသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုများ တိုက်ဖျက်ရေးသည် တစ်ဦးတစ်ယောက်ချင်းမှ နိုင်ငံတော်အဆင့်အထိ လက်တွဲဖြေရှင်းကြရမည့် ပြဿနာဖြစ်ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းသည် ရောဂါကုသခြင်းကဲ့သို့ ဖြစ်ပါသည်။ ရောဂါပျောက်ကင်းစေရန် လတ်တလော ရောဂါလက္ခဏာများကို ကုသရသည့်အပြင် ရောဂါဖြစ်ပွားစေသည့် အကြောင်းရင်းများကိုလည်း ကုသရမည်ဖြစ်ပါသည်။ သို့မှသာ ရောဂါကို အမြစ်ပြတ်ပျောက်ကင်းစေမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည်လည်း အလားတူပင်ဖြစ်ပါသည်။ ထိုပြဿနာအား အမြစ်ပြတ်အောင် ကုသမှသာ နိုင်ငံတည်ဆောက်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်တို့အတွက် အမွေကောင်းများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပါသည်။ ။

# နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက် ရှိသည့် အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။



ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် လိုက်လံပို့ဆောင်ပေး ကြသည်။



**ဆုတောင်းမေတ္တာစာလွှာများပါရှိ**

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူး များနှင့်အတူ ရဟန်းသံဃာများ နှင့် ပြည်သူများက ရေးသားပေးပို့သည့် "ရှေ့တန်းရောက် တပ်မတော်သားအားလုံး တိုက်ပွဲတိုင်း အောင်မြင်ပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thet Khine" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာနေ သက်ခိုင်အား ည ၁၁ နာရီ ၂၅ မိနစ်တွင် ကျည်တောင်ကန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၀၀ | ၂၅၈၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၈၅ | ၂၈၅၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၀၅ | ၂၇၀၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၆၀ | ၂၅၉၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၄၈ | ၂၄၂၈ |
| 95 Ron | ၂၄၅၄ | ၂၅၃၆ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (50 ppm) | ၂၁၅၇ | ၂၂၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စာတိုက်ပုံးများအတွင်း တွေ့ရှိရသော ပစ္စည်းများအနက် မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင် အများဆုံးပါဝင်ပြီး ပိုင်ရှင်တစ်ဦးမျှ မပေါ်သေး

ရန်ကုန် ဒီဇင်ဘာ ၁၀

မြန်မာ့ စာတိုက်လုပ်ငန်း၏ စာတိုက်ပုံးများအတွင်း တွေ့ရှိရသော ပစ္စည်းများအနက် မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင် အများဆုံးပါဝင်ပြီး ပျောက်ဆုံး၍ ဆက်သွယ်လာသူများရှိသော်လည်း ပိုင်ရှင်တစ်ဦးမျှ မပေါ်သေးကြောင်း မြန်မာ့စာတိုက်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာတိုက်ပုံးများအတွင်း ပြည်သူအချို့၏ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးနေသော မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်၊ Bank Card၊ ဘဏ်စာအုပ်၊ သက်သေခံကတ်ပြား စသည့် အရေးကြီးစာရွက်စာတမ်းများအား တွေ့ရှိထားကြောင်း မြန်မာ့စာတိုက်လုပ်ငန်းက ဒီဇင်ဘာ ၆ ရက်တွင် အသိပေးထားသည်။ ထို့နောက် အထက်ပါပစ္စည်းများနှင့် ပတ်သက်၍ ပျောက်ဆုံးနေသူများက မြန်မာ့စာတိုက်လုပ်ငန်းသို့ ဆက်သွယ်လာကြခြင်းဖြစ်ကာ ဆက်သွယ်လာသူအရေအတွက်မှာ များပြားကြောင်းလည်း သိရသည်။

"သိမ်းဆည်းရမိထားတာက ကျွန်မတို့ဆီမှာ ကြာနေပြီ။ တချို့တွေက နိုပ်ပြီး လာထည့်ထားတာနေမှာပေ့ါနော်။ စာသိမ်းတဲ့အချိန်မှာ တွေ့တဲ့ဟာတွေကို စုထားတာ။ ကျွန်မတို့ဆီမှာ ဒါတွေကို သိမ်းဆည်းရမိထားတာကြောင့် ပျောက်ဆုံးနေသူတွေအနေနဲ့ ပြန်ယူလို့ရအောင် ကြေညာပေးတာပါ။ အခုစာတိုက်ကို ပြည်သူတွေ ဆက်သွယ်လာတာ တော်တော်များပေမယ့် ဆက်သွယ်လာတဲ့သူတွေထဲက တစ်ယောက်မျှ မတွေ့ဘူး။ ဆက်သွယ်သူတွေထဲမှာလည်း အခုလောလောဆယ်ပျောက်တာတွေ ဆက်သွယ်တာများတယ်" ဟု ၎င်းကပြောသည်။

အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးနေသည့် အရေးကြီး စာရွက်စာတန်းများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်း ဖုန်း ၀၆၇-၃၄၂၀၆၃၀ နှင့် ၆၇၀-၃၄၂၀၈၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာ့စာတိုက်မှ သိရသည်။

**MT**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလဆန်းအထိ ပြည်ပပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ (၁၀) ဘီလီယံနီးပါး တင်ပို့နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလဆန်းအထိ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုစာရင်းအရ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါးအထိ တင်ပို့နိုင်ပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မတ်ပဲ၊ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်း၊ ရော်ဘာ၊ ပဲစင်းငုံ၊ နှမ်း၊ မြေပဲနှင့် ကြက်သွန်နီ၊ နနွင်းတက်၊ မန်ကျည်းသီး၊ ချင်းခြောက်၊ ဝဥ၊ ကြက်ဆူစေ့၊ ကော်ဖီစေ့၊ သီဟိုဠ်စေ့၊ ဝါ၊ ပီလောပီနံ၊ ဖရဲ၊ သခွား၊ သရက်၊ တစ်သျှူးငှက်ပျော လယ်ယာထွက်ကုန်များ စုံလင်စွာတင်ပို့နိုင်သကဲ့သို့ ရေထွက်ပစ္စည်းကဏ္ဍမှ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ငါးလေးခြောက်၊ ငါးခြောက်များ တင်ပို့လျက်ရှိသည်။

ပြည်ပတင်ပို့မှု၌ စက်မှုကဏ္ဍထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သစ်ပါးလွှာနှင့် အထပ်သားများ၊ သစ်အချောထည် ထုတ်ကုန်များ၊ ချုပ်ပြီးအထည်၊ သကြားနှင့် အခြားစက်မှုကုန်ချောထုတ်ကုန်များကိုလည်း တင်ပို့လျက်ရှိသည်။

ဧပြီလမှ ဒီဇင်ဘာလဆန်းအထိတွင် ပြည်ပနိုင်ငံပေါင်း ၁၁၇ နိုင်ငံသို့ ပို့ကုန်အသီးသီးတင်ပို့ခဲ့ပြီး ထိုင်း၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်၊ ဂျာမနီ၊ ပိုလန်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများမှာ ကုန်စည်အလိုက် ဈေးကွက်ဝယ်လိုအား များပြားသည့် နိုင်ငံများဖြစ်သည်။

ပြည်ပပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုကို ကုမ္ပဏီ ၅၉၃၈ ခုက အမှန်တင်ပို့၊ တင်သွင်းဆောင်ရွက်ခဲ့ကြပြီး လက်ရှိတွင် ပြည်ပသို့ ပို့ကုန်တင်ပို့မှုကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများအပြင် လေကြောင်းလိုင်းများမှတစ်ဆင့် တင်ပို့မှုများ ဆောင်ရွက်လျက်ရှိသည်။ ငါးမျိုးစုံ၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်းများတင်ပို့သည့် လုပ်ငန်းရှင်အချို့မှ ရက်သတ္တပတ်လျှင် တန်ချိန် ၃၀၀ ကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံများသို့ လေကြောင်းဖြင့် တင်ပို့လျက်ရှိသည်။

ပို့ကုန်တိုးတက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များကို အသိအမှတ်ပြုသည့်အနေဖြင့် ရော်ဘာပို့ကုန်ရငွေဖြင့် လုပ်ငန်းသုံးအတွက် လိုအပ်သည့် ဓာတ်မြေသြဇာ တင်သွင်းခွင့်ပြုထားပြီး ဆန်၊ ပဲ၊ ပြောင်းတင်ပို့သည့် လုပ်ငန်းရှင်များကို ပြည်တွင်းဈေးကွက် လိုအပ်ချက်ရှိသည့် စက်သုံးဆီကဲ့သို့သော သွင်းကုန်ပစ္စည်းများ တင်သွင်းခွင့်ပြုမည့် အစီအစဉ်များ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ဒေသအလိုက်၊ ကုန်စည်အလိုက် ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာသည့် ရာသီပေါ်သီးနှံများ၊ ငါး၊ ပုစွန်မွေးမြူရေး ရေထွက်ကုန်များကို ပြည်ပဈေးကွက် ဝယ်လိုအား မြင့်မားနေသည့် အချိန်ကိုက်တင်ပို့နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ကြရန် လက်ရှိဘဏ္ဍာနှစ် ပြည်ပတင်ပို့နိုင်မှုစာရင်းများနှင့်အတူ အသိပေး တင်ပြလိုက်ပါသည်-

(၂၅-၁၁-၂၀၂၃ မှ ၁-၁၂-၂၀၂၃)ရက်နေ့ထိ ရက်သတ္တပတ်တွင် ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၁၇၉၇ | ၁၉၅.၃၄၇ | ၂၂၀ | ၂၀၅.၂၇၅ | ၂၀၁၇ | ၄၀၀.၆၂၂ |
| ၂ | အမှန်တင်ပို့မှု | | ၁၄၇.၄၃၄ | | ၉၂.၅၈၈ | | ၂၄၀.၀၂၂ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၄၂.၉၃၅ | | ၁၀.၃၉၈ | | ၅၃.၃၃၃ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၀၀၆ | | ၀.၀၁၅ | | ၀.၀၂၁ |
| (ဂ) | ရေထွက်ပစ္စည်း | | ၁၀.၅၂၆ | | ၃.၈၂၁ | | ၁၄.၃၄၇ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၂.၂၃၈ | | ၀.၁၅၁ | | ၂.၃၈၉ |
| (င) | သစ်တောထွက်ပစ္စည်း | | ၀.၉၄၇ | | | | ၀.၉၄၇ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၈၆.၉၈၂ | | ၇၇.၇၅၂ | | ၁၆၄.၇၃၄ |
| (ဆ) | အခြားပစ္စည်းများ | | ၃.၈၀၀ | | ၀.၄၅၁ | | ၄.၂၅၁ |

အဓိကပို့ကုန်အများဆုံး (၁၀)မျိုး စာရင်း
၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၄၅၈၀၃၁၈၇၇ | ၂၉၆၆.၅၆၃ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၂၈၅၂၂၆၅၁ | ၂၂၂၀.၅၂၁ |
| ၃ | မတ်ပဲ | တန် | ၅၂၂၃၅၅ | ၄၇၄.၁၂၆ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၇၉၂၄၁၂ | ၃၇၈.၆၄၁ |
| ၅ | ပြောင်း | တန် | ၉၀၃၆၉၉ | ၂၇၁.၃၂၁ |
| ၆ | ငါး | တန် | ၁၈၇၅၅၅ | ၂၂၀.၄၁၈ |
| ၇ | ပဲတီစိမ်း | တန် | ၂၇၄၄၇၇ | ၁၈၅.၉၈၃ |
| ၈ | ရာဘာစိမ်း | တန် | ၉၉၆၆၀ | ၁၂၃.၆၉၁ |
| ၉ | ပဲစဉ်းငုံ | တန် | ၁၁၃၈၅၇ | ၁၀၁.၉၅၂ |
| ၁၀ | သတ္တုနှင့် သတ္တုရိုင်းများ | တန် | ၇၇၅၈၃ | ၇၉.၄၀၄ |

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း
၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၄၇၂.၈၆၆ |
| ၂ | တရုတ် | ၁၉၃၁.၂၃၈ |
| ၃ | ဂျပန် | ၇၈၄.၇၀၃ |
| ၄ | အိန္ဒိယ | ၅၇၂.၁၀၇ |
| ၅ | အမေရိကန် | ၄၁၂.၆၇၅ |
| ၆ | ဂျာမနီ | ၃၅၆.၃၀၁ |
| ၇ | စပိန် | ၃၂၁.၄၁၂ |
| ၈ | ပိုလန် | ၃၁၆.၈၀၆ |
| ၉ | တောင်ကိုရီးယား | ၂၆၁.၄၅၇ |
| ၁၀ | ဗြိတိန် | ၂၂၂.၈၉၀ |



## သထုံမြို့၌ (၂၀၂၃)ခုနှစ် အစိုးရ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပ

**သထုံ ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်၌ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အကြိမ်(၇၀)မြောက် အဘိဓမ္မာရိုးရိုး၊ (၆၇)ကြိမ်မြောက် အဘိဓမ္မာဂုဏ်ထူးဆောင်နှင့်(၆၅)ကြိမ်မြောက် ဝိသုဒ္ဓိမဂ်စာမေးပွဲတို့ကို ယမန်နေ့မွန်းတည့် ၁၂ နာရီက မြသပိတ်တောင်ခြေ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်ဝင်းအတွင်းရှိ သုဝဏ္ဏဘူမိပရိယတ္တိသာသနဒ္ဓဟိတ အသင်းစာဖြေဓမ္မာရုံ၌ ကျင်းပသည်။

**လာရောက်ဖြေဆို**

သထုံစာဖြေဌာန၌ အဘိဓမ္မာရိုးရိုး၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ(ပထမအဆင့်)ကို ဖြေဆိုရန် သီလရှင် ၁၇၇ ပါးနှင့် လူပုဂ္ဂိုလ် ၅၆ ဦး စုစုပေါင်း ၂၃၃ ဦး စာရင်းပေးသွင်းထားသည့်အနက် သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၂၀၀ ခန့် လာရောက်ဖြေဆိုခဲ့ကြသည်။

အဆိုပါစာမေးပွဲများကို ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ အဆင့်သုံးဆင့်သတ်မှတ်ကာ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ပြီး သထုံမြို့နယ်စာဖြေဌာန၏ စာမေးပွဲကြီးကြပ်အဖွဲ့များ၊ ပရဟိတဘာသာရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူတို့က လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဖိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ တတိယအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**


ရန်ကုန်တိုင်းဒေသကြီး ဖိုလ်တထောင်မြို့နယ် ဖိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်**

စုပေါင်းသွေးလှူဒါန်းပွဲသို့ ဂေါပကအဖွဲ့ဝင်များ၊ အမျိုးသားသွေးလှူဘဏ်(ရန်ကုန်) မှ ဆရာဝန်၊ ဆရာမများ၊ သွေးလှူဒါန်းကြမည့် ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးဌေးဦးက သွေးလှူဒါန်းပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့်ဂေါပကရုံးဝန်ထမ်း ၇၀ နှင့် ဘုရားဖူးလာ ပြည်သူများက စုပေါင်းသွေးလှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များနှင့် အမျိုးသားသွေးလှူဘဏ်(ရန်ကုန်)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

(ယခင်တစ်ပတ်မှအဆက်)

**Past Tense (အတိတ်ကာလ) ဖြစ်ခဲ့သည်။**

(E)Change the following into Negative Questions.

e.g. He **was** a pilot. (သူ လေယာဉ်မှူးတစ်ယောက် ဖြစ်ခဲ့တယ်။)

**Wasn't** he a pilot? (သူ လေယာဉ်မှူးတစ်ယောက် မဟုတ်ခဲ့ဘူးလား။)

e.g. They **were** musicians. (သူတို့ ဂီတပညာရှင်တွေ ဖြစ်ခဲ့ကြတယ်။)

**Weren't** they musicians? (သူတို့ဂီတပညာရှင်တွေ မဟုတ်ခဲ့ကြဘူးလား။)

1. We were gardeners.

   ____________________________?
2. Yu Yu was a housemaid.
3. Min Min was a pickpocket.
4. U Win was a good doctor.
5. Daw Sein was a kind teacher.

**(F)Change the following sentences into "Who / What … questions".**

e.g. She was a singer. (သူ အဆိုတော်တစ်ယောက် ဖြစ်ခဲ့တယ်။)

**Who** was a singer? (ဘယ်သူ အဆိုတော်တစ်ယောက် ဖြစ်ခဲ့သလဲ။)

**What** was she? (သူ ဘာဖြစ်ခဲ့သလဲ။)

1. They were farmers.

   ____________________________?
2. He was a police officer.
3. She was a cleaner.
4. I was a tennis player.
5. We were students.

**(G)Translate the followings.**

စာကြောင်းအစုံလေ့လာရန်

(Affirmative/positive) Ko Ko **was** a soldier. (ဖြစ်ခဲ့သည်)

(Negative) Ko Ko **was not / wan't** a soldier. (မဟုတ်ခဲ့ပါ)

(Positive Question) **Was** Ko Ko a soldier? (ဖြစ်ခဲ့သလား)

(Negative Question) **Wasn't** Ko Ko a soldier? (မဖြစ်ခဲ့ဘူးလား)

(Wh..) **Who was** a soldier? (ဘယ်သူက စစ်သားတစ်ယောက် ဖြစ်ခဲ့တာလဲ။)

(Wh..)**What was** Ko Ko? (ကိုကိုက ဘာဖြစ်ခဲ့သလဲ။)

1.မင်းက ဘာဖြစ်ခဲ့သလဲ။

____________________________.

2.သူ့အဖေက ဆရာတစ်ယောက် ဖြစ်ခဲ့သလား။

3.ဘယ်သူ ကားမောင်းသမားတစ်ဦး ဖြစ်ခဲ့သလဲ။

4.သူ့အမေ ဆရာမတစ်ဦး ဖြစ်ခဲ့တယ်။

5.သူတို့ညီ လေယာဉ်မောင်းသမားတစ်ဦး မဖြစ်ခဲ့ဘူးလား။

6.ဇော်ဇော်အဘိုး အင်ဂျင်နီယာတစ်ယောက် ဖြစ်ခဲ့သလား။

7.ဘယ်သူ လက်သမားဆရာတစ်ယောက် ဖြစ်ခဲ့သလဲ။

8.ဒေါ်လှ မင်းတို့ဆရာမ ဖြစ်ခဲ့သလား။

9.ကိုမင်း အဆိုတော်တစ်ယောက်ဖြစ်ခဲ့တယ်။

10.မင်းအစ်ကို စက်ပြင်ဆရာတစ်ဦး မဟုတ်ခဲ့ပါ။

+++++++++++++++

**Answers:**

**(E)1. Weren't you gardeners? 2. Wasn't Yu Yu a housemaid? 3. Wasn't Min Min a pickpocket? 4. Wasn't U Win a good doctor? 5. Wasn't Daw Sein a kind teacher?**

**(F)1. Who were farmers? What were they? 2. Who was a police officer? What was he? 3. Who was a cleaner? What was she? 4. Who was a tennis player? What were you? 5. Who were students? What were you?**

**(G)1. What were you? 2. Was his father a teacher? 3. Who was a driver? 4. His mother was a teacher. 5. Wasn't their brother a pilot? 6. Was Zaw Zaw's grandpa an engineer? 7. Who was a carpenter? 8. Was Daw Hla your teacher? 9. Ko Min was a singer. 10. Your brother wasn't a mechanic.**

## Grade 6

**Unit 7**
**Lesson 3: Who is the tallest?**

(A) Complete the sentences with the words given below.

| | | |
|---|---|---|
| tallest | youngest | |
| cleverest | fattest | shortest |

1. My brother is the ________ in my family. He is only three years old now.
2. Kyaw Kyaw is the ________ of the two friends. He always stands first in the class.
3. What is the ________ building in your town?
4. Aung Khaing is the ________ boy in our street. He is a big eater.
5. Hnin Hnin is the _______ girl in our class. She is only 4 feet.

**(B) Change the positive degree into comparative and superlative ones.**

| | Positive | Comparative | Superlative |
|---|---|---|---|
| 1. | young | ____________ | the ____________ |
| 2. | old | ___________ | the ____________ |
| 3. | good | ___________ | the ____________ |
| 4. | large | ___________ | the ____________ |
| 5. | early | ___________ | the ____________ |
| 6. | cold | ___________ | the ____________ |
| 7. | new | ___________ | the ____________ |
| 8. | fast | ___________ | the ____________ |
| 9. | interesting | ________ | the ____________ |
| 10. | heavy | ___________ | the ____________ |

**(C) Fill in the gaps with the comparative form of the adjectives given.**

e.g. (clever) Ma Ma is clever than her sister.

1. (heavy) A rock is _______ than a leaf.
2. (big) Our house is _______ than yours.
3. (beautiful) The princess is ______ than the witch.
4. (good) Ko Ko is a _____ student than Kyaw Kyaw.
5. (safe) Bicycles are ______ than motorbikes.

**(D)Fill in the gaps with the superlative form of the adjectives given.**

1. (large) It is the ______ house in this street.
2. (bad) His handwriting is the ____ among the students.
3. (clever) Swe Swe is the _______ student in the class.
4. (popular) Chaw Chaw is the ______ girl in our school.
5. (good) Soe Gyi is the ______ player in the football team.

***************************

**Ans:**

**Unit 7 Lesson 3: Who is the tallest?**

**(A) 1. youngest 2. cleverest 3. tallest 4. fattest; 5. shortest**

**(B) 1. younger, the youngest 2. older, the oldest 3. better, the best 4. larger, the largest 5. earlier, the earliest 6. colder, the coldest 7. newer, the newest 8. faster, the fastest 9. more interesting, the most interesting 10. heavier, the heaviest**

**(C) 1. heavier; 2. bigger; 3. more beautiful; 4. better; 5. safer;**

**(D) 1. largest; 2. worst; 3. cleverest; 4. most popular; 5. best;**

*********************

## Grade 7

**Unit 7**
**Lesson 2: Days and their names**

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. He is working night and d___________.
2. Mother goes shopping once a w_________.
3. She gave her child a funny n__________.
4. A p_________ is a large round object in space that moves around a star such as the sun.
5. There are nine planets in the s_____ system.

**II. Complete the following sentences with the given words.**

| | | |
|---|---|---|
| Sunday | Monday | Tuesday |
| Wednesday | Thursday | Friday |
| Saturday | | |

1. The day ruled by the sun became _______.
2. The day ruled by the moon became _______.
3. The day ruled by Saturn became _________.
4. The ancient people named ________in honour of Tui, the god of war of theVikings.
5. In honour of Woden, the chief god of the Vikings, ________________ was so named.
6. They named ____ for the god of thunder.
7. They named ______ after the wife of Woden and the goddess of the sky.

**III. Supply the correct form of the verbs given in brackets.**

1. (know) We ______each other since our childhood.
2. (get) I ______ an e-mail from my old friend this morning.
3. (believe) I ______ we have already met.
4. (turn) When you reach the traffic light, ______ right.
5. (become) They _____ famous overnight.

**IV. Complete the following sentences with the words given below.**

| | | |
|---|---|---|
| sun | moon | week |
| planets | ancient | |

1. The _________ people believed that the earth was the centre of the universe.
2. The _________ gives us light and warmth.
3. The _________ gives us light at night.
4. We were very busy last _____________.
5. There are nine _____________ in our solar system including the Earth.

**************

**Ans:**

**Lesson 2: Days and their names**

**I. 1. day; 2. week; 3. name; 4. planet; 5. solar;**

**II.1. Sunday; 2. Monday; 3. Saturday; 4. Tuesday; 5. Wednesday; 6. Thursday; 7. Friday;**

**III.1. have known; 2. got; 3. believe; 4. turn; 5. become;**

**IV.1. ancient; 2. sun; 3. moon; 4. week; 5. planets;**

**************

## Grade 8

**Unit 7**
**Lesson 3: What are you going to do this weekend?**

**I. Complete the sentences in the future simple form with the verbs given below.**

(win, be, buy, drink, go, love, pass, rain, send, wear)

e.g. It _______________ tonight.

Ans: It **will rain** tonight.

1. I _______________ you forever.
2. You _______________ a tie.
3. He _______________ green tea.
4. She _______________ the test.
5. We _______________ an email.
6. You _______________ the food.
7. They _______________ the match.
8. This girl _______________ a pilot.
9. My parents ________ to Singapore.

**II. Complete the sentences with "will" or "won't".**

1. My friends _________ be in Singapore next week. I am looking forward to seeing them after such a long time.
2. Don't worry. I ______help you in a minute.
3. You can talk to me. I promise I ______ tell anyone your secret.
4. Zin Zin _____________ have a brother in a short time. He is so excited.
5. Moe Moe _______________ go to the tuition today because he is ill.
6. Zar Zar has studied a lot recently. We think she ______________ fail his exam.
7. Nobody _______________ tell me what I should do. It's only my decision.
8. I'm sorry, but I _____________ lend you my car. You are not confident enough to drive.
9. We ____________ do it again. Now we understand that it's too dangerous.
10. Lily _________ listen to you anymore. She doesn't believe a word you say.

**III. Put the words in the correct order.**

1. home / won't / tomorrow / be / They / at / . /
2. next / You / weekend / will / me / visit / . /
3. to / tomorrow / Lwin Lwin / go / school / won't / . /
4. mother / the / buy / What / in / will / supermarket / ? /
5. We / test / a / Monday / will / on / have / . /

**************************

**Ans:**

**Lesson 3 : What are you going to do this weekend?**

**I. 1. will love; 2. will wear; 3. will drink; 4. will pass; 5. will send; 6. will buy; 7. will win; 8.will be; 9. will go;**

**II. 1. will; 2. will; 3. won't; 4. will; 5. won't. 6. won't; 7. won't; 8. won't; 9. won't; 10. won't;**

**III. 1. They won't be at home tomorrow. 2. You will visit me next weekend. 3. Lwin Lwin won't go to school tomorrow. 4. What will mother buy in the supermarket? 5. We will have a test on Monday.**

******************

## Grade 9

### Unit 7

### Lesson 3: What would you do if you had more time?

**Grammar**

**Clauses of contrast**

(သော်လည်းပဲ)

e.g. Although I got up early, I missed the school bus.
Even though I got up early, I missed the school bus.
I missed the school bus though I got up early.
Despite the bad weather, they went shopping.
In spite of the bad weather, they went shopping.
Despite/ In spite of the fact that the weather was bad, they went shopping.

(A) Underline the suitable linking words.

1. (Despite/ Although) the rain, I went outside to play.
2. I liked the movie, (in spite of / even although) it was a bit scary.
3. (Despite/ Although) feeling tired, she finished her homework.
4. He is very tall (despite/ although) he is only 10 years old.
5. (Despite/ Even though) the noise, I could still concentrate on my book.
6. She smiled (although / in spite of) she was feeling a little sad.
7. (Despite/ Although) being small, the kitten was very brave.
8. (Though / Although) it was hot outside, we still enjoyed our picnic.
9. (Despite / even although) the long journey, they arrived on time.
10. (Despite/ Although) it was dark, they continued hiking in the forest.
11. (Despite/ Although) the difficult puzzle, he didn't give up.
12. (Despite/ Although) it's late, I'll finish my work before going to bed.
13. (Although / Despite) the cold weather, they had a fun day at the beach.
14. (Although/ Despite) he didn't win the game, he played very well.
15. (Despite / Although) the traffic, we reached the airport in time for our flight.

(B) Join the sentences with the given linking words given in brackets.

e.g. The box is heavy. But the boy can carry it.
Although the box is heavy, the boy can carry it.
In spite of the heavy box, the boy can carry it.
The boy can carry the box though it is heavy.
The boy can carry the box in spite of / despite the fact that it is heavy.

1. It rained, but we still had fun at the park.
Although ____________________________.
2. The weather was cold, but I went for a walk.
In spite of ____________________________.
Although ____________________________.
3. I was tired, but I stayed awake at finish my homework.
Although ____________________________.
4. I was fear of spiders, but I helped my friend catch one.
In spite of my ____________________________.
5. The movie was long, but I enjoyed it.
Although ____________________________.
6. There was a traffic, but we arrived at the party on time.
In spite of the ____________________________.
7. He forgot his umbrella, but he didn't get wet in the rain.
Although ____________________________.
8. She was shy, but she joined the school funfair.
In spite of her ____________________________.
9. The cake burned in the oven, but it still tasted good.
Although ____________________________.
10. It was late, but I decided to go for a run.
Although ____________________________.
11. There was a noise, but I managed to concentrate on my book.
In spite of the ____________________________.
12. Roses have thorns, but people still like them.
Although ____________________________.
13. She missed the bus, but she got a ride from a friend.
Although ____________________________.
14. He was fear of heights, but he climbed the mountain.
In spite of his ____________________________.
15. I don't like broccoli, but I ate it because it's healthy.
Although ____________________________.

*************************

**Ans:**

**Unit 7 Lesson 3: What would you do if you had more time?**

**Grammar**

(A) 1. Despite 2. even although 3. Despite 4. although 5. Despite 6. although 7. Despite 8. Although 9. Despite 10. Although 11. Although 12. Although 13. Despite 14. Although 15. Despite

(B) 1. Although it rained, we still had fun at the park. 2. In spite of the cold weather, I went for a walk. 3. Although I was tired, I stayed awake to finish my homework. 4. In spite of my fear of spiders, I helped my friend catch one. 5. Although the movie was long, I enjoyed it. 6. In spite of the traffic, we arrived at the party on time. 7. Although he forgot his umbrella, he didn't get wet in the rain. 8. In spite of her shyness, she joined the school choir. 9. Although the cake burned in the oven, it still tasted good. 10. In spite of his busy schedule, he found time to call his family. 11. Although it was late, I decided to go for a run. 12. In spite of the noise, I managed to concentrate on my book. 13. Although she missed the bus, she got a ride from a friend. 14. In spite of his fear of heights, he climbed the mountain. 15. Although I don't like broccoli, I ate it because it's healthy.

**********************

## Grade 12

### Unit 6 ARTIFICIAL INTELLIGENCE

(ယခင်တစ်ပတ်က ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

**V(1) (A)** (1) human beings (2) a reality (3) human intelligence (4) cutting – edge technology (5) coined

**(B)** (6) Great advances in technology have made our life easier and more comfortable.
(7)The term ' artificial intelligence ' was coined by being based on the concept of human intelligence in 1956. (with the basic concept of human intelligence)
(8)A branch of computer science, (AI), mainly focuses on creating machines with humanlike intelligence and capacity.
(9)A machine's ability called AI can perform cognitive functions such as perceiving, reasoning, and solving problems as human do.
(10)The goals of AI scientists are to make AI – powered machines perform human tasks, reducing the amount of time needed to perform specific tasks, and enhancing communication between humans and machines.

**V.(2)(A)**

(1) machines and gadgets
(2) the same
(3) spelling mistakes
(4) Driverless cars powered by AI
(5) to deliver

(B)

(6) AI scientists have created AI – powered machines and gadgets with reasoning, speech, and vision.
(7) We notice pop – up messages on the screen when we are typing a text on a computer or on a mobile.
(8) Facial recognition systems and security cameras can help the police find the missing persons, detect criminals, and protect our homes in the security and surveillance sector.
(9) It is easy for us today to find a location in an umfamiliar place because of the Google Maps and GPS Navigation Apps.
(10) Space scientists use unmanned spacecraft with AI tools to study unknown stars and black holes.

**********************

**V.(3)Read the passage.**

In the field of education, Al can help teachers in grading tests, retrieving up-to-date information on their subject matter, writing progress reports, etc. For today's students, who are digital natives, All is their everything: playmate, friend, tutor, advisor, etc. Al can even be a personal classroom where they can learn what they wish. Al greatly contributes to the conservation of the natural environment as well. We are using Al-powered robotic boats to clean up lakes, rivers, and seas. Nowadays most of the industries around the world are full of innovations such as Al-based industrial robots machines and tools.

**What are the drawbacks of Al?**

Like any other inventions, Al has its drawbacks. Creating an Al-powered machine is way too expensive. In mass production, human workers are being replaced with robots, family members of Al-powered machines. This can result in a high risk of unemployment or redundancy in the future. On top of that, if these powerful Al tools are in the hands of bad people, we dare not imagine what will happen to the entire human race.

No matter whether we recognise it or not, Al is everywhere, with its success stories here and there To a certain extent, Al-powered machines are reportedly outperforming humans in such sectors as transportation, security surveillance, healthcare management and aeronautical engineering. All powered machines can do human tasks with the greatest precision. With this extraordinary innovation, what will be the future of human beings? Will we be better off in the future? Only time will tell what our future will be like in Industry 4.0 and beyond, with all the technological advances yet to come.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Up – to – date information on the subject matter can -------- with the help of AI.
(2) -------- are being used nowadays in most of the industries around the world.
(3) One of the -------- of using AI is that creating an AI – powered machine is too expensive.
(4) There will be -------- in the future because of AI – powered machines.
(5) Human tasks can -------- with precision by AI – powered machines.

**(B) Answer each question in one sentence. (5 marks)**

(6) How can AI be considered for today's students who are digital natives?
(7) Why are we using AI – powered robotic boats?
(8) What are replacing human workers in mass production industries?
(9) In which condition daren't we imagine what will happen to the entire human race?
(10) Where can AI – powered machines outperform humans?

**VI. Read the passage. (Unseen)**

**Weather is created by the heat of the sun. When the sun shines on the earth, the air close to the surface heats up, expands, and rises. The higher it goes, the cooler it becomes. Meanwhile, an area of warmer, low – pressure air forms below it. Winds are caused by air moving from an area of higher pressure to one of low pressure. The greater the pressure difference between them, the stronger the wind will be. The combination of the high – and low – pressure air masses can produce intense storms such as typhoons, hurricanes, and tornadoes. Weather forecasters look at the movement of warm and cold air masses and try to predict how they will behave. Although weather forecasting is not completely accurate, satellites, sophisticated instruments, and computers make weather prediction far more accurate today than in the past.**

**(A) Find the bold – faced words in the passage that are similar in meaning in the following. ( 5 marks )**

(1) aggregation of particulars a. --------------------
(2) changes from a smaller form to larger one b. ---------
(3) having condition severe or extreme situation c. ----------
(4) complicated, especially of complex technology d. ------
(5) having condition that makes something colder e. -----

**(B) Answer the following questions. Give completely answers. (10 marks )**

(6) How is weather created and when happens when the sun shines on the earth?
(7) When does an area of warmer, low– pressure air form and what causes wind?
(8) What happens when the difference between high – pressure and low – pressure is greater and why do intense storms occur?
(9)Describe intense storms given in the passage and what do weather forecasters do?
(10) Do you think weather forecasting is essential and why or why not?

*************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ရေကြည်မြို့နယ်အတွင်းရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအားကြည့်ရှုအားပေး



**ပုသိမ် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရေကြည်မြို့နယ်အတွင်းရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့နယ် အင်းလျှားကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆင်ကူးအနောက်ကျေးရွာ၊ လေ့တော်ရုံကျေးရွာ၊ လယ်ဒီကျေးရွာ၊ ဆင်ကူးအရှေ့ကျေးရွာနှင့် အင်းလျှားကုန်းကျေးရွာတို့မှ တောင်သူ ၂၃၈ ဦး၏ ပန်းအမျိုးမျိုး၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ချဉ်ပေါင်၊ မုန်လာ၊ ဆလတ်၊ ကန်စွန်း၊ စားပြောင်း၊ ငရုတ်စသည့် ဟင်းသီးဟင်းရွက် ၁၃၅ ဧက စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးပြီး ဌာနဆိုင်ရာများ၊ တောင်သူများအား သီးနှံများ ပိုမိုစိုကပျိုးထုတ်လုပ်နိုင်စေရေး၊ စားဖိုဆောင်သီးနှံများ ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အင်းလျှားကုန်း-သံဒင်း-နတ်စင်ငူ-ဇရပ်လှလမ်း ၉ မိုင် ၂ ဖာလုံမှ ၄ ဒသမ ၄၇၄ ဖာလုံအား အမာခံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ထားသောကာလအတွင်း ပြီးစီးစေရေးနှင့် လမ်းဘေး ဝဲ၊ ယာများ၊ လမ်းပခုံးများ စနစ်တကျရှိစေရေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သပြေကွင်းစံပြကျေးရွာ ပွင့်သစ်စသမအသင်း၏ နေကြာတစ်ဧကနှင့် ပိုက်ဆံလျှော်မျိုးစေ့ထုတ်တစ်ဧကအားစိုက်ပျိုးနေမှုများနှင့် ကွင်းသုံးဆင့်ကျေးရွာအုပ်စု သပြေကွင်း ခေတ်မီစံပြကျေးရွာမှ တောင်သူများစုပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သော ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံ (ပိုက်ဆံလျှော်)မျိုးစေ့ထုတ် ၁၀ ဧကနှင့်နေကြာတစ်ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆည်ရေကို အကျိုးရှိထိရောက်စွာအသုံးပြု၍ စိုက်ကေတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းအကောင်အထည်ဖော်ကြမည်



**နေပြည်တော် ဒီဇင်ဘာ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ရေလှောင်တမံ၏ ဆည်ရေဝင်ရောက်မှုနှင့် ရာသီအလိုက် စိုက်ပျိုးရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးပြီး ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်မှုမရှိစေရေး၊ သီးနှံအလိုက် ရေလိုအပ်ချက်ပေါ် မူတည်၍ စိုက်ပျိုးရေစီမံခန့်ခွဲ အသုံးပြုနိုင်ရေးနှင့် အသုံးပြုပြီးပိုလျှံရေများကို ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများဖြင့် ပြန်လည်အသုံးပြုနိုင်ရေး၊ တောင်သူများကိုယ်တိုင်ပူးပေါင်းပါဝင်သော ရေအသုံးချသူများအဖွဲ့ (WUG)တိုးချဲ့ဖွဲ့စည်းပြီး ဆည်ရေကို ညီညွတ်မျှတအကျိုးရှိစွာ ရယူအသုံးပြုနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဒဟတ်ကန်အုပ်စု ဝက်သိုက်ကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မွေးမြူရေးတောင်သူ ဒေါက်တာချိုသိန်း၏ အသားစားကြက်၊ ဝက်နှင့် ငုံးများ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကူးစက်ရောဂါ ကင်းစင်ရေး၊ မွေးမြူရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ညှိုခန်း၌တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံစိုက်ကေတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ခိုင်မာသောဈေးကွက် ဖော်ဆောင်ပေးနိုင်ရေး၊ အရည်အသွေးပြည့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့အောင်မြင်ရေး ပူးပေါင်း ဆောင်ရွက်သွားမည့်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး သိပ္ပံကျောင်း၌ စိုက်ပျိုးမွေးမြူရေး ဒီပလိုမာသင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာ မွေးမြူရေးတောင်သူဦးညွန့်ဝင်း၏ အသားစားကြက်ခြံ၌ အသားစားကြက်မွေးမြူရေး တောင်သူများနှင့်တွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများပေးအပ်



**ရန်ကုန် ဒီဇင်ဘာ ၁၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးက ကျောင်းသားကျောင်းသူများအတွက် ပေးအပ်သည့် အားကစားပစ္စည်းများအား ပြန်လည်၍ ထပ်ဆင့်ပြန်လည်ပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ဝါးယားကုန်းကျေးရွာ အ.မ.က ကျောင်း၌ ယနေ့တွင် ကျင်းပသည်။

**ပေးအပ်**

ပေးအပ်ရာတွင်လည်း ဝါးယားကုန်းကျေးရွာ အ.မ.ကကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ပြည်ထောင်စုဝန်ကြီးက ပေးအပ်ထားသော အားကစားပစ္စည်းရှစ်မျိုးဖြစ်သည့် ဘောလုံးငါးလုံး၊ ဘော်လီဘောငါးလုံး၊ ဘော်လီဘောပိုက် တစ်ခု၊ ကြက်တောင်ရိုက်တံရှစ်ချောင်း၊ ကြက်တောင်ငါးခု၊ ကြက်တောင်ပိုက်တစ်ခု၊ ပိုက်ကျော်ခြင်းငါးလုံးနှင့် ပိုက်ကျော်ခြင်းပိုက်တစ်ခုတို့ကို လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းနှင့် တာဝန်ရှိသူများက ကျောင်းအုပ်ဆရာမကြီး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျောင်းသားမိဘများထံသို့ ပြန်လည်၍ ထပ်ဆင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပေးအပ်ထားသည့် အားကစားပစ္စည်းရှစ်မျိုးတို့ဖြင့် ကျောင်းသား ကျောင်းသူများက ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်ရိုက်နှင့် ပိုက်ကျော်ခြင်း အားကစားနည်းများကို လက်တွေ့ကစားခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၈၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၈၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**အသိပေးထုတ်ပြန်ထား**

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မွေးမြူရေးဆိုင်ရာ ထုတ်ကုန်လုပ်ငန်းဖြစ်သည့် ကျောက်တန်းမြို့မှ ကဏန်းပျော့လုပ်ငန်း

မွေးမြူရေးကဏန်းပျော့လုပ်ငန်းဖြင့် အောင်မြင်မှုရရှိနေသည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်မှ နေကြာပန်းကဏန်းပျော့မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော ဦးဝင်းမျိုးလင်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်–



**မေး။** ။ **ကဏန်းပျော့လုပ်ငန်းကို ဘယ်အချိန်က စတင်ဆောင်ရွက်ခဲ့ပါသလဲ။**

**ဖြေ။** ။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့ ၂၀၀၀ ပြည့်နှစ်မှာ နိုင်ငံ့အကျိုးစီးပွား တိုးတက်စေရန်အတွက် ကျောက်တန်းပုစွန်မွေးမြူရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကုမ္ပဏီ ၁၀ ခုက ပုစွန်မွေးမြူရေးလုပ်ငန်းတွေ စတင်လုပ်ကိုင်ခဲ့ကြပါတယ်။ ၂၀၀၇ ခုနှစ်မှာ မွေးမြူရေးကုမ္ပဏီတွေက ဈေးကွက်စီးပွားရေးအရ ကဏန်းပျော့လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ခဲ့ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနက ကဏန်းပျော့မွေးမြူရေးဇုန်အဖြစ် သတ်မှတ်ခဲ့တဲ့အတွက် ကျွန်တော်တို့ ကဏန်းပျော့လုပ်ငန်းကို ၂၀၀၉ ခုနှစ်ကစတင်ပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။** ။ **ကဏန်းပျော့လုပ်ငန်းအတွက် အသုံးပြုခဲ့တဲ့ မြေဧရိယာအကျယ်အဝန်းနဲ့ ရင်းနှီးမြှုပ်နှံမှုကိုပြောပြပေးပါ။**

**ဖြေ။** ။ ကဏန်းပျော့ မွေးမြူရေးစခန်းရဲ့ အကျယ်အဝန်းကတော့ ၉၉ ဒသမ ၀၆ ဧကကျယ်ဝန်းပြီး လုပ်ငန်းလုပ်စဉ်က မွေးမြူရေးကန် လေးကန်နဲ့စတင်ခဲ့ပြီး အခုအချိန်မှာတော့ မွေးမြူရေးကန် ၂၅ ကန်ထိ လုပ်ကိုင်လျက်ရှိပါတယ်။ မွေးမြူရေးတစ်ကန်ကို နှစ်ဧကကျယ်ဝန်းပါတယ်။ သုံးဧကရေလှောင်ကန်ကတော့ လေးကန်ရှိပါတယ်။

**မေး။** ။ **ကဏန်းကန်တစ်ကန်မှာ ကောင်ရေဘယ်လောက်မွေးမြူနိုင်ပြီး ကုန်ချောကဏန်းပျော့ကောင်ရေ ဘယ်နှတန်လောက်ထုတ်လုပ်နိုင်ပါသလဲ။**

**ဖြေ။** ။ ကန်အပြည့်မွေးမြူနိုင်ပါက ကဏန်းကောင်ရေ ၁၅ သိန်းခန့် မွေးမြူနိုင်ပြီး ကဏန်းပျော့ ကုန်ချောတန်ချိန် တစ်လကို တန် ၂၀ ခန့်ထုတ်လုပ်နိုင်ပါတယ်။

**မေး။** ။ **ကဏန်းပျော့ ထုတ်ကုန်အတွက် ကုန်ကြမ်းတွေ ဘယ်လိုရပါသလဲ။**

**ဖြေ။** ။ ထုတ်ကုန်အတွက် ကုန်ကြမ်းအများစုဟာ ရွှံ့ကဏန်း ဒါမှမဟုတ် ဒီရေတောကဏန်းတွေဖြစ်တဲ့အတွက် ပင်လယ်ဝ၊ မြစ်ချောင်းတွေ၊ ဒီရေတောတွေမှာ ရှင်သန်ကျက်စားကြပါတယ်။ ဒါကြောင့် သဘာဝကဏန်းတွေကို ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာဒေသတွေမှ ဂရမ် ၈၀ နဲ့အထက် မွေးမြူရေးအရွယ်တွေကို ဝယ်ယူမွေးမြူပါတယ်။ အဲဒါကြောင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ရေလုပ်သားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိပြီး ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုပါတယ်။

**မေး။** ။ **ကဏန်းပျော့တွေရရှိအောင် ဘယ်လိုမျိုး လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ထားရှိပါသလဲ။**

**ဖြေ။** ။ သဘာဝကဏန်းတွေကို ကဏန်းမွေးမြူရေးကန်တွေမှာ စနစ်တကျမွေးမြူရပါတယ်။ အသက်ရှင်နေထိုင်ရန်အတွက်လည်း ကန်အတွင်းမှာ သုံးနာရီတစ်ခါကြည့်ရှုဖို့ ဝန်ထမ်းတွေကို နေ့ဆိုင်း၊ ညဆိုင်း ထားရှိဆောင်ရွက်ထားပါတယ်။ FDA က သတ်မှတ်စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ ခွင့်ပြုထားတဲ့အစာတွေကိုလည်း ကျွေးပါတယ်။ ဒါကြောင့် ကဏန်းအကောင်တွေဟာ အရေခွံလဲဖို့ လုံလောက်တဲ့ပမာဏ အခြေအနေရလာပြီး မူရင်းထက် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကြီးထွားလာကြပါတယ်။ ကဏန်းပျော့တွေကို တာဝန်ကျလုပ်သားတွေက ဆယ်ယူ ပုံးထဲထည့်စုဆောင်းပြီး အောက်ဆီဂျင်ခန်းကို ပို့ဆောင်ရပါတယ်။ အောက်ဆီဂျင်ခန်းကို ရောက်ရှိလာတဲ့ ကဏန်းပျော့တွေကို ယာယီသိုလှောင်ကန်မှာ အောက်ဆီဂျင်တိုက်ကျွေးပြီး အညစ်အကြေးတွေကို သန့်ရှင်းဖယ်ထုတ်ကာ အအေးခန်းစက်ရုံကို ပို့ဆောင်ပါတယ်။ အအေးခန်းစက်ရုံရောက်ရှိတဲ့အခါ အဆင့်ဆင့်စီမံဆောင်ရွက်ပြီး ပါကင်ထုပ်ပိုးပါတယ်။

**မေး။** ။ **ဈေးကွက်မှာ ဘယ်လိုတံဆိပ်နဲ့ ဘယ်နိုင်ငံတွေကို တင်ပို့ဖြန့်ချိဆောင်ရွက်ပါသလဲ။**

**ဖြေ။** ။ ကဏန်းပျော့တွေကို Frozen Myanmar Soft Shell Crab တံဆိပ်နဲ့ ပြည်တွင်းဈေးကွက်အတွင်း ဟိုတယ်၊ စားသောက်ဆိုင်တွေကို ဖြန့်ဖြူးပြီး ပြည်ပပို့ကုန်အနေနဲ့ ကဏန်းပျော့တွေကို မှာယူတဲ့နိုင်ငံတွေရဲ့ လိုချင်တဲ့ပုံစံအတိုင်း ပါကင်ထုပ်ပိုးဆောင်ရွက်ကာ တရုတ်၊ သြစတြေးလျ၊ အမေရိကန်၊ ယူအေအီး၊ ဥရောပနိုင်ငံတွေကို တင်ပို့ဖြန့်ဖြူးပါတယ်။

**မေး။** ။ **စားသုံးသူတွေအပေါ် ဘယ်လိုဝန်ဆောင်မှု လုပ်ဆောင်ပေးပါသလဲ။**

**ဖြေ။** ။ ကဏန်းပျော့တွေဟာ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်လို့ အသင့်ချက်ပြုတ်စားသုံးနိုင်အောင် ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးထားပါတယ်။

**မေး။** ။ **ကဏန်းပျော့မွေးမြူခြင်းရဲ့ အားသာချက်တွေရှိရင် ပြောပြပေးပါ။**

**ဖြေ။** ။ ကဏန်းပျော့မွေးမြူခြင်းရဲ့ အားသာချက်ကတော့ ကဏန်းပျော့တွေ အရေခွံလဲပြီး ကြွင်းကျန်ရစ်တဲ့အခွံ၊ အရေခွံလဲဖို့ အားနည်းချက်ရှိတဲ့ အသေတွေကို သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ ကျွမ်းကျင်သူတွေရဲ့ အကြံပေးချက်အရ သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်နိုင်ပါတယ်။ စွန့်ပစ်စရာမလိုတဲ့ ရေထွက်ကုန်ပစ္စည်း (Zero Waste) ဖြစ်ပါတယ်။

**မေး။** ။ **ကဏန်းပျော့ စွန့်ပစ်ပစ္စည်းကနေ သဘာဝမြေဩဇာ ထုတ်လုပ်ပုံကို သိပါရစေ။**

**ဖြေ။** ။ ကဏန်းပျော့ စွန့်ပစ်ပစ္စည်းကနေ သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်ပုံကတော့ ကဏန်းအသေတွေနဲ့ ကဏန်းပျော့အရေခွံလဲလို့ ထွက်ရှိလာတဲ့ ကဏန်းအခွံတွေကို နေလှန်း ကြိတ်ချေပြီး အရိုးမှုန့်ဓာတ်မြေဩဇာအဖြစ်လည်းကောင်း၊ အပင်တွေအတွက် လိုအပ်တဲ့ ကဏန်းအမိုင်နိုအော်ဂဲနစ် ဆေးရည်အဖြစ်လည်းကောင်း ထုတ်လုပ်ပါတယ်။

**မေး။** ။ **ရရှိလာတဲ့ သဘာဝမြေဩဇာကို ဘယ်လိုနာမည်နဲ့ ဈေးကွက်မှာ တင်သွင်းဖြန့်ဖြူးပါသလဲ။**

**ဖြေ။** ။ ရရှိလာတဲ့ သဘာဝမြေဩဇာကို ဝသုန္ဒြေအမည်နဲ့ ကဏန်းအမိုင်နိုအော်ဂဲနစ်ရွက်ဖျန်းဆေးရည်နဲ့ သဘာဝမြေဆီလွှာပြုပြင်ဆေးတွေအဖြစ် မြန်မာပြည်တွင်းနေရာဒေသအနှံ့ဖြန့်ဖြူးလျက်ရှိပြီး စိုက်ပျိုးရေးတောင်သူတွေကိုလည်း ကွင်းဆင်းအသိပညာပေးဆွေးနွေးဟောပြော ရောင်းချလျက်ရှိပါတယ်။

**မေး။** ။ **ကဏန်းပျော့လုပ်ငန်းမှာ လုပ်ကိုင်နေတဲ့ ဝန်ထမ်းတွေအရေအတွက်နဲ့ ဝန်ထမ်းတွေအတွက် ဆောင်ရွက်ပေးထားမှုကိုလည်း သိပါရစေ။**

**ဖြေ။** ။ ဝန်ထမ်းအရေအတွက်ကတော့ ၂၀၀ ခန့် ရှိပါတယ်။ ဝန်ထမ်းတွေနေထိုင်ဖို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ အိမ်ထောင်သည်အတွက် အိမ်ထောင်သည်လိုင်းခန်း၊ အပျို၊ လူပျိုတွေအတွက် အဆောင်တွေကိုလည်း စီမံဆောင်ရွက်ထားပါတယ်။ ဝန်ထမ်းသားသမီးတွေရဲ့ ကျောင်းနေအရွယ်သားသမီးတွေကိုလည်း ကျောင်းထားပေးပြီး ယဉ်ကျေးလိမ္မာစေဖို့နဲ့ အသိပညာတိုးပွားစေဖို့ ဓမ္မာရုံနဲ့ စာကြည့်တိုက်လေးကိုလည်း ထားရှိဆောင်ရွက်ပေးထားပါတယ်။ ဝန်ထမ်းတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း စီမံဆောင်ရွက်ပေးထားပါတယ်။ ကျွန်တော်တို့ရဲ့ကဏန်းပျော့မွေးမြူရေးလုပ်ငန်းဟာ အလုပ်အကိုင်အခွင့်အလမ်းတွေ များစွာရရှိသလို နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ပေးတဲ့လုပ်ငန်းတစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း-**
**ကျောက်တန်း(ပြန်/ဆက်)**





ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၈-၁၂-၂၀၂၃ ရက်မှအဆက်

ကိုအေးဆွေကလည်း ရပ်တန့်လိုက်ကာ သူ့ကို မျှော်လင့်ကြီးစွာဖြင့် ပြန်ကြည့်နေသည်။ ဒီတော့လည်း ခင်သန်းဌေးက မျက်လွှာကို လျင်မြန်စွာ ချပစ်လိုက်ရသည်။ ရင်ထဲမှာလည်း သိမ့်သိမ့်ခါ၍ နေတော့သည်။

ထိုအခါမှ ခင်သန်းဌေးမှာ ပတ်ဝန်းကျင်ကို သတိထားမိသည်။ ထန်းမောင်နှံအောက်ဝယ် ရောက်၍ နေပါသတည်း။

ကိုယ့်အတတ်နှင့် ကိုယ်စူးနေ၍လည်း ခင်သန်းဌေးမှာ တုံ့ပြန်စကားဆိုရန် စကားရှာမရပေ။ မတုန်မလှုပ် ရှက်သွေးဖြာ ရင်ဖိုနေမိသည်။

တစ်ခုတော့ရှိသည်။ ဦးဝင်းအောင်၏ မေတ္တာစကားထာများ အပြောခံရခြင်းတုန်းကနှင့်တော့ မတူပေ။ ထိုစဉ်ကမူ ထိတ်လန့်တုန်လှုပ်သော မနှစ်မြို့သည့်ခံစားမှု ဝေဒနာတစ်ရပ်။ ယခုတော့မူ ထိုသို့မဟုတ်ပေ။ နှလုံးသည်းပွတ်ကြားဝယ် တလှပ်လှပ်၊ တလှိုက်လှိုက်နှင့် ရင်ခုန်၍နေခြင်းမျိုးသာ။

"ဌေးဌေး မှတ်မိဦးမှာပေါ့။ ထန်းဖိုပေါ်စ တလောက ဒီထန်းမောင်နှံအောက်မှာ ပြောခဲ့ဖူးတာလေ။ စနစ်သစ်တစ်ခုကို တည်ဆောက်တဲ့နေရာမှာ တည်ဆောက်မယ့် ရဲဘော်ရဲဘက်တွေဟာ အတွေးတူ၊ အမြင်တူ၊ ယုံကြည်ချက်ချင်းတူ၊ ခံယူချက်ချင်းတူပါမှ ကိုယ်လိုချင်တဲ့ စနစ်သစ်တစ်ခုကို အောင်အောင်မြင်မြင်နဲ့ တည်ဆောက်နိုင်သလို အိမ်ထောင်တစ်ခုပြုတဲ့နေရာမှာလည်း ဒီလိုပါပဲ။ တစ်သက်တာဘဝခရီးတစ်လျှောက် တွဲသွားရမယ့် ကြင်ဖော်ကြင်ဖက်တွေဟာလည်း အားလုံး အသွင်တူပါမှ အိမ်ထောင်ဟာ ခိုင်မြဲပြီး ဘဝတစ်လျှောက်ဟာ ပျော်ရွှင်မှုအတိနဲ့ ပြည့်စုံလိမ့်မယ်လို့ ဆိုခဲ့တယ် မဟုတ်လား"

ဤစကားများကို ခင်သန်းဌေးက ရုတ်ခြည်း အမှတ်ရလာသည်။

"ကျွန်တော်က ဌေးဌေးကို ဒီအမြင်နဲ့ မြင်ထားပါတယ်။ ဟုတ်တယ်လေ၊ ဌေးဌေးနဲ့ ကျွန်တော်က ဝါသနာချင်း၊ လူ့အသိခံယူချက်ချင်း၊ ယုံကြည်ချက်ချင်း တူညီနေတယ်မဟုတ်လား"

ခင်သန်းဌေးက မည်သို့မျှဝန်မခံပေ။

"ဒါပေမဲ့ တကယ့်လူနေမှုစနစ်ကို စစ်ပြန်တော့ ဌေးဌေးနဲ့ ကျွန်တော်တို့ဟာ ယုံကြည်ချက်ချင်း တူကြပေမယ်လို့ ဆင်းသက်ပေါက်ဖွားလာတဲ့ ဘဝအခြေခံ အဆင့်အတန်းချင်းကျတော့ မတူကြပါဘူး။ ကျွန်းသစ်နဲ့ ထင်းရှူးသစ်လို ကွာခြားလှပါတယ်။ ဒါကိုကြည့်ပြီး ကျွန်တော့်မှာ ရင်မောနေရပါတယ် ဌေးဌေး။ ဒီလို လူနေမှုအဆင့်အတန်းချင်း၊ လူ့အလွှာချင်းမတူညီလို့ ဖွင့်မပြောရဲတဲ့အထဲ အသည်းနှလုံးချင်းကျတော့လည်း တူညီမှတူညီပါ့မလားဆိုတဲ့ သံသယစိတ်နဲ့ ဘဝင်မကျဖြစ်နေတယ်။ တကယ်လို့ဖွင့်ပြောလိုက်ရင် သူငယ်ချင်း မိတ်ဆွေအဖြစ်ကများ ဆုံးရှုံးသွားလေမလားဆိုတဲ့ စိုးရိမ်စိတ်ကလည်း ဝင်ဝင်လာတယ်။ ဒီလိုနဲ့ ဌေးဌေးကို ဖွင့်ပြောဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တာ တစ်ခါမှ မအောင်မြင်ခဲ့ဘူး။ အခုတစ်ခါကျမှပဲ"

ကိုအေးဆွေ ပြောနေပုံမှာ ခံစားမှုရှိကြောင်း တုန်ယင်၍ တိမ်ဝင်နေသောသူ့အသံက သက်သေခံနေပေသည်။

"တကယ်တော့ ကျွန်တော်ဟာ ဌေးဌေးရဲ့ ချစ်သူတစ်ယောက်သာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ လက်ထပ်နိုင်မယ့် ဘဝကြင်ဖော်တစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်ဆိုရင် ကျွန်တော့်ကို ဌေးဌေးရဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လက်ခံကြမယ်မဟုတ်ပါဘူး။ ဌေးဌေးက ကျွန်တော့်ကို လက်ထပ်တာနဲ့တစ်ပြိုင်နက် ဌေးဌေးကို ဌေးဌေးတို့ အသိုင်းအဝိုင်းတစ်ခုလုံးက အပြစ်တင်ရှုတ်ချ ဝိုင်းပယ်ကြမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘူး။ ကျွန်တော်ကလည်း ဌေးဌေးရဲ့ သာယာချမ်းမြေ့နေတဲ့ဘဝကို မဖျက်ဆီးချင်ပါဘူး။ နှစ်မြုပ်မပစ်ချင်ပါဘူး။ ကျွန်တော်ချစ်နေရရင် ကျေနပ်ပါပြီ။ ကျွန်တော့်အချစ်ကို ဌေးဌေးက လက်ခံရင် ကြည်နူးနေနိုင်ပါပြီ။ မတူညီတာကို တူညီအောင် ညှိမနေချင်တော့ပါဘူး။ မတူညီတာကို တူညီအောင်ညှိနေရင် တစ်နေ့ အန္တရာယ် ..."

"မမဌေးရေ၊ မမဌေး"

ဒလဟောသွန်ချ၍ မရပ်မနားရင်ဖွင့်ပြနေသော ကိုအေးဆွေမှာ သူ့အသည်းဝေဒနာ ခံစားချက်များကို ဆုံးအောင်ပင် မပြောလိုက်ရပေ။

မိသားစု ထန်းတောတစ်ဖက်ခန်းဆီမှ တကြော်ကြော်အော်ခေါ်ရင်းနှင့် ပြေးထွက်လာသော

"ဒါပေမဲ့ တကယ့်လူနေမှုစနစ်ကိုစစ်ပြန်တော့ ဌေးဌေးနဲ့ ကျွန်တော်တို့ဟာ
ယုံကြည်ချက်ချင်းတူကြပေမယ်လို့ ဆင်းသက်ပေါက်ဖွားလာတဲ့
ဘဝအခြေခံ အဆင့်အတန်းချင်းကျတော့ မတူကြပါဘူး။
ကျွန်းသစ်နဲ့ ထင်းရှူးသစ်လို ကွာခြားလှပါတယ်။
ဒါကိုကြည့်ပြီး ကျွန်တော့်မှာ ရင်မောနေရပါတယ် ဌေးဌေး။
ဒီလို လူနေမှုအဆင့်အတန်းချင်း၊ လူ့အလွှာချင်းမတူညီလို့ ဖွင့်မပြောရဲတဲ့အထဲ
အသည်းနှလုံးချင်းကျတော့လည်း တူညီမှတူညီပါ့မလားဆိုတဲ့ သံသယစိတ်နဲ့
ဘဝင်မကျဖြစ်နေတယ်။ တကယ်လို့ဖွင့်ပြောလိုက်ရင်
သူငယ်ချင်း မိတ်ဆွေအဖြစ်ကများ ဆုံးရှုံးသွားလေမလားဆိုတဲ့ စိုးရိမ်စိတ်ကလည်း
ဝင်ဝင်လာတယ်။ ဒီလိုနဲ့ ဌေးဌေးကိုဖွင့်ပြောဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တာ
တစ်ခါမှ မအောင်မြင်ခဲ့ဘူး။ အခုတစ်ခါကျမှပဲ"

ထွေးရီသည် ခေါ်သံနှင့်အတူ ဖြုန်းခနဲပေါ်လာတော့သည်။ သူတို့နှစ်ဦးစလုံးကလည်း ရှိုးတိုးရှန့်တန့်ဖြင့် ပြိုင်တူ လှည့်ကြည့်မိလိုက်ကြသည်။

"အမယ်လေး၊ မမဌေးရယ်။ ရှာလိုက်ရတာ အနှံ့ပဲ။ ဟိုမှာ ဆရာမချစ်ချစ်နဲ့ အဖော်တွေ ရောက်နေပြီ။ မအုန်းတင်က ဒီဘက်မှမြင်ခဲ့တယ်ဆိုလို့"

ဟုတ်ပေမည်။ နံနက်က ဆွမ်းကျွေးအလှူအိမ်တွင် ခင်သန်းဌေး၊ ဆရာမချစ်ချစ်၊ ၎င်း၏အဖော်အမျိုးသမီးနှင့် ကိုအေးဆွေတို့သည် တစ်စားပွဲတည်း ထမင်းစားကြပြီးနောက် ခင်သန်းဌေးနှင့် ကိုအေးဆွေတို့မှာ အခြားမိတ်ဆွေများနှင့်အတူ စကားလက်ဆုံကျနေကြသည်။

ဤတွင် ဆရာမချစ်ချစ်နှင့် သူ့အဖော်အမျိုးသမီးတို့သည် နှစ်ကျပ်ခွဲရွာဘက်သို့ ကိစ္စတစ်ခုရှိ၍ သွားမည်။ ကိုအေးဆွေတို့ ဘုံထန်းတောမှ စောင့်နှင့်ပါ။ အပြန်တွင် ဝင်ခေါ်ပါမည်ဟု ချစ်ချစ်တို့က မှာကြားပြီး ထွက်သွားကြသည်။ ယခုခေါ်ရန် ရောက်လာကြပေပြီ။

အင်း၊ သည်တစ်ခါ အခေါ်ခံရသူမှာ ခင်သန်းဌေးပါပေ။

[ ၄၂ ]

"ညည်းကို ငါ ဘယ်နှခါပြောရမလဲ။ ဒီအကောင်နဲ့ မဆက်ဆံပါနဲ့၊ ဒီအကောင်ဆီ မဝင်ပါနဲ့လို့"

ဘုံထန်းတောသို့ မိမိဝင်နေသည်ကို ကြိုတင်သိနှင့်သော မိခင်ဖြစ်သူကိုကြည့်ကာ ခင်သန်းဌေးမှာ အံ့ဩနေသည်။

"ဒါကတော့ မေမေရယ်၊ ကျောင်းနေဘက် သူငယ်ချင်းတွေပဲဟာ"

ခင်သန်းဌေးက ဒေါ်လှတင်အား ပြန်၍ဆင်ခြေပေးလိုက်သည်။

"ဟဲ့ ကျောင်းနေဘက် သူငယ်ချင်းဆိုပေမဲ့ မိန်းကလေးချင်းမှမဟုတ်ဘဲ။ ဟိုက ယောကျ်ားလေးဟဲ့၊ ယောကျ်ားလေး။ နောက်ပြီး ညည်းက အပျိုလေး"

ဒေါ်လှတင်သည် ပထမတွင် စိတ်ဆိုးနေသည်ဆိုသော်လည်း သူ၏စိတ်ကိုထိန်းကာ တိုးတိုးသက်သာပြောသည်။ ယခုတော့မူ ဒေါသဖြစ်လာဟန်ဖြင့် အော်၍ပင် ပြောဆိုလာသည်။

နေ့လယ်ခင်းဆီက အမှတ်မထင် ဖြုန်းခနဲ ရင်ဆိုင်ခဲ့ရသော ရင်ခုန်စရာအဖြစ်မှာ ယခုထိပင် ခင်သန်းဌေးရင်ထဲတွင် မပျောက်နိုင်သေးပေ။ တွေးမိတိုင်း ရင်တဖိုဖိုနှင့် လှိုင်းစီးနေရတုန်းပင် ရှိသေးသည်။ ထို့ကြောင့်လည်း ကိုယ့်အခန်းထဲ ကိုယ်ဝင်ကာ လွတ်လွတ်လပ်လပ်တွေး၍ ကြည်နူးနေမိ၏။

သို့သော် ယခုကဲ့သို့ ဒေါ်လှတင်က ရုတ်တရက် ဝင်ရောက်လာပြီး မာန်မဲဆူပူလိုက်သောအခါတွင်မူ သူ၏ ကြည်နူးနေမှုတို့မှာ ဘယ်သို့လွင့်ပျောက်ကုန်သည် မသိတော့ပေ။

"ဒီလောက်တောင် ယောကျ်ားပျိုလေးရှိတဲ့နေရာကို တစ်နေကုန်တစ်နေခန်း ဝင်နေရသလားဟင်"

"အို၊ မေမေကလည်း ချစ်ချစ်တို့အိမ်ပါဝင်နေလို့ မိုးချုပ်တာပါ မေမေရယ်။ ဟိုဝင်တာကခဏပါ"

"ခဏတော့ကော ညည်းက ဘာကိစ္စ သူတို့ဆီကို ဝင်နေရတာတုံးဟင်။ ဒီမှာ မိဌေး၊ ညည်း ဟိုအကောင်နဲ့တွဲပြီး ဘယ်လိုတွေစခန်းသွားနေတယ်ဆိုတာ တို့မသိဘူးများမှတ်လို့လား။ လက်လွတ်စပယ် မဖြစ်တန်ကောင်းဖူးရယ်လို့ဆိုပြီး တို့က ကြည့်နေတာ။ ခုတော..."

ခင်သန်းဌေး၏မျက်နှာမှာ ပျက်ခနဲ ဖြစ်သွားသည်။ သို့သော် ချက်ချင်းပင် မျက်နှာပြင်လိုက်သည်။

"မေမေတို့ထင်သလို မဟုတ်ဘူး မေမေ။ ဌေးတို့က ရိုးရိုးပဲဆက်ဆံနေတာ။ ခုလည်း စာပေအကြောင်း နည်းနည်းဆွေးနွေးစရာရှိလို့ဝင်ဆွေးနွေးတာပါ"

ကိုယ်ရေးကြုံလာတော့လည်း ခင်သန်းဌေးမှာ ကလေးသဖွယ် ခါးခါးသီးသီး ငြင်းကွယ်၍ မုသားဆိုလိုက်သည်။

ဒေါ်လှတင်သည် ခင်သန်းဌေးကို မျက်စောင်းကြီးတအားပစ်ထိုးပြီး မဲ့ပစ်လိုက်သည်။

"အောင်မယ်၊ ညည်းကသာ ရိုးနေ။ ခုဆိုရင် ဘေးက ဘယ်လောက်များပြောနေကြတယ်ဆိုတာ ညည်းသိရဲ့လား။ ငါ့နားတော့ မဆံ့တော့ဘူး"

ခင်သန်းဌေးမှာ လူတွေကို အတော်စိတ်ပျက်သွားမိသည်။ ကိုယ်နှင့်မဆိုင်ရာကို ဘာလို့များ မဟုတ်တရုတ် လုပ်ကြံပြောနေချင်ကြပါလိမ့်။

"ငါဖြင့် ညည်းအစား ရှက်လွန်းလို့။ တကတဲတော်၊ ရင်ဘတ် အသမာလိုက်အောင် ထန်းတက်စားနေရတဲ့ ထန်းသမားသားဆီကိုများ"

ခင်သန်းဌေးသည် သူ့မေမေ တကယ်စိတ်ဆိုးနေကြောင်း သိလာရသောအခါ ရုတ်တရက်တွင် မည်သို့မျှ ဆင်ခြေလက်ခြေ တက်မနေတော့ပေ။ အသာငြိမ်နေလိုက်သည်။

သို့တစေ မိဘလုပ်သူတို့၏ ဤမျှအထိ မဆိုင်ရာကို ပုတ်ခတ်ကာ လူ့အဆင့်အတန်းခွဲခြားနေမှုကိုတော့ နည်းနည်းလေးမျှ မလိုလားပေ။

"ဒါကတော့ မေမေရယ်၊ လူလူချင်း ဒီလောက်တော့ အဆင့်အတန်းခွဲခြားဖို့တော့ မကောင်းပါဘူး"

"ဟဲ့ ခွဲရတယ်ဟဲ့၊ ခွဲရတယ်။ ဒီအေးဆွေဆိုတဲ့ အကောင်က ကိုယ့်လက်အောက်က ထန်းတက်သမားရဲ့သား၊ ဆင်းရဲသား ငမွဲ။ ကိုယ် တစ်သက်လုံး ခိုင်းလာခဲ့တဲ့ကျွန်။ ကိုယ်နဲ့ အဖက်တန်တာမှ မဟုတ်ဘဲနဲ့။ တို့က ဆွေကြီးမျိုးကြီးဟဲ့"

ခင်သန်းဌေး၏ လူတန်းစားမခွဲခြားရေးစကားကြောင့် ဒေါ်လှတင်သည် ရုတ်တရက် စိတ်ဆိုးသွားပြန်ကာ ကိုအေးဆွေတို့၏ဘဝကို နင့်နင့်သီးသီး ပြောချလိုက်သည်။

"သင်းက ခုမှ ကွန်မြူနစ်လုပ်ပြီး လူစွာလုပ်လာတာဟဲ့။ တို့ကိုများ ခေါင်းပုံဖြတ် လူညွန့်ခူးစားသလေး အရင်းရှင်လေး ဘာလေးနဲ့ စွပ်စွဲပြီး တို့တစ်တွေရဲ့ စီးပွားရေးပျက်အောင်လုပ်တဲ့ သင်းကိုများ ညည်းက မနာနိုင် မပြုနိုင် ဆက်ဆံနေတာများ အံ့ပါရဲ့တော်။ ငါဖြင့် သင်းကိုများ ချေးရှုံ့သလို ရွံကြောက်ကြီး ကြောက်လွန်းလို့။ ခုဆို ညည်းမသိဘူးလား။ တို့ ထန်းတောတွေအတွက် ထန်းစု မရတော့ဘူးဆိုတာ၊ ဟင်း"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# အက်စ်တွန်ဗီလာအသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး အဆင့်(၃)နေရာ ဆက်လက်ရပ်တည်


ပရီမီယာလိဂ်ပွဲစဉ်(၁၆)ရဲ့ ဒီဇင်ဘာ ၉ ရက် ညပိုင်း နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်စ်တွန်ဗီလာအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းက အာဆင်နယ် အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၃)နေရာ၌ ဆက်လက် ရပ်တည်ခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပွဲကစား ချိန် ခုနစ်မိနစ်မှာ ဂျွန်မက်ဂင်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်း အတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဂျွန်မက်ဂင် ဟာယခုဘောလုံးရာသီမှာအက်စ်တွန်ဗီလာအသင်းနဲ့ စကော့တလန်နိုင်ငံအသင်းတို့အတွက် ပွဲစဉ်စုစုပေါင်း ၂၉ ပွဲမှာ သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ် ပါတယ်။

အက်စ်တွန်ဗီလာအသင်းဟာ အာဆင်နယ် အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၃)နေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့ပေမယ့် အာဆင်နယ်အသင်းကတော့ အက်စ်တွန်ဗီလာ အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁)နေရာကို တက်လှမ်းနိုင်မယ့် အခွင့်အရေးနဲ့ လွဲခဲ့ရတာ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းဟာ ဒီဇင်ဘာ ၆ ရက် က ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ပြီး ဒီဇင်ဘာ ၉ ရက်ညပိုင်းမှာ အာဆင်နယ် အသင်းကို ထပ်မံအနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အိမ်ကွင်း ၁၅ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ အက်စတွန်ဗီလာ အသင်းကို ရှုံးပွဲကြုံခဲ့ခြင်းဟာ ပြိုင်ပွဲအရပ်ရပ်ခြောက်ပွဲ ဆက် နိုင်ပွဲရရှိမှု အဆုံးသတ်ခဲ့ရတာ ဖြစ်ပါတယ်။ အူနိုင်းအမ်မရီရဲ့ အက်စ်တွန်ဗီလာအသင်းဟာ ၁၉၈၀-၁၉၈၁ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလား ကို နောက်ဆုံးရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ယခု ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ်(၁၆) ယှဉ်ပြိုင် ကစားပြီးချိန်မှာ အဆင့်(၃)နေရာ တက်လှမ်းနိုင်ခဲ့တာ ကြောင့် ပရီမီယာလိဂ်ဖလားကို ၄၂ နှစ်တာကာလ အတွင်း ပထမဆုံးဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတာ ဖြစ်ပါတယ်။



# အူဒီးနီးစ်ကို အနိုင်ရပြီး အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ခွင့်ရရှိခဲ့တဲ့ အင်တာမီလန်

အင်တာမီလန် အသင်းဟာ အူဒီးနီးစ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီးနောက် အီတလီ စီးရီးအေ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အင်တာမီလန် အသင်းနဲ့ အူဒီးနီးစ်အသင်းတို့ ပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းပွဲကစား ချိန် ၃၇ မိနစ်မှာ ကယ်ဟာနော့ဂ်လု က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ဒီဇင်ဘာ ၈ ရက်ညပိုင်းက နာပိုလီအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အင်တာ မီလန်အသင်းကို ကျော်ဖြတ်ကာ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့ပေမယ့် အင်တာ မီလန်အသင်းက အူဒီးနီးစ်အသင်း ကို အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေ ၁၅ ပွဲ ယှဉ်ပြိုင်ကစားပြီး ချိန်မှာ ၁၂ ပွဲအနိုင်ရရှိခဲ့မှုနဲ့အတူ ဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန် အသင်းနဲ့ အူဒီးနီးစ်အသင်းတို့ ပွဲစဉ်မှာ အင်တာမီလန်အသင်း အတွက် သွင်းဂိုးတွေကို ကယ်ဟာနော့ဂ်လု၊ ဒီမာကို၊ တူရမ်၊ လော်တာရို မာတီနက်ဇ်တို့က သွင်းယူပေးခဲ့ တာဖြစ်ပြီး လော်တာရိုမာတီ နက်ဇ်ရဲ့ သွင်းဂိုးဟာ အခုဘောလုံး ရာသီမှာ အင်တာမီလန်အသင်း အတွက် အီတလီစီးရီးအေသွင်းဂိုး ၁၄ ဂိုးမြောက် သွင်းယူနိုင်ခဲ့တာ လည်း ဖြစ်ပါတယ်။

အင်တာမီလန် အသင်းဟာ အူဒီးနီးစ်အသင်းကို အနိုင်ရရှိခဲ့ တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာက ဂျူဗင်တပ် အသင်းကို နှစ်မှတ်ဖြတ်ပြီး အမှတ်ပေးဇယား တတိယနေရာ က မြို့ခံပြိုင်ဘက် အေစီမီလန် အသင်းကို ကိုးမှတ်ဖြတ်ကာ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသော အီတလီစီးရီးအေ ပွဲစဉ်တွေမှာတော့ အတ္တလန်တာ အသင်းက အေစီမီလန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ဗီရိုနာအသင်းနဲ့ လာဇီယိုအသင်း တို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါ တယ်။





# မာရှယ်လ်နဲ့ ဆန်ချိုရဲ့နေရာကို အစားထိုးရန် အိုပင်ဒါကို ခေါ်ယူရေး မန်ယူအသင်း ပစ်မှတ်ထား

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ အသင်းရဲ့ တိုက်စစ်ကစား သမားတွေဖြစ်တဲ့ အန်တိုနီမာရှယ်လ်နဲ့ ဂျာဒန်ဆန်ချိုတို့ရဲ့နေရာမှာ အစားထိုးဖို့အတွက် လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း မှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ပ်ဇစ်အသင်းမှ တိုက်စစ်မှူး အိုပင်ဒါအား ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် အိုပင်ဒါဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်အတွင်းက လန်းစ်အသင်းကနေ လိုက်ပ်ဇစ် အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လိုက်ပ်ဇစ်အသင်းအတွက် ၂၀ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး အိုပင်ဒါဟာ ပြီးခဲ့တဲ့လအတွင်းက မန်စီးတီးအသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်မှာ လိုက်ပ်ဇစ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးအထိ သွင်းယူပေးခဲ့ သူလည်း ဖြစ်ပါတယ်။

ဒ့ါပြင် အိုပင်ဒါအနေနဲ့ အောက်တိုဘာလအတွင်းက လိုက်ပ်ဇစ် အသင်းရဲ့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်မှာလည်း မန်စီးတီးအသင်းဘက်ကို သွင်းဂိုး တစ်ဂိုး သွင်းယူပေးခဲ့ တာ ဖြစ်ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်ကလပ်အသင်း တစ်သင်းဖြစ်တဲ့ စပါးအသင်းကလည်း ဂိုးရရှိဖို့ ရုန်းကန်နေရတဲ့ ဘရာဇီးတိုက်စစ်မှူး ရစ်ချာလီဆန်ရဲ့နေရာမှာ အစားထိုးဖို့ အိုပင်ဒါကို စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- နယူးကာဆယ်အသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းမှ အင်္ဂလန်ဂိုးသမား ဆမ်ဂျွန်စတုန်းအား ခေါ်ယူရန်စီစဉ်လျက်ရှိ ကြောင်း သိရပါတယ်။
- မန်စီးတီးအသင်းဟာ ကလပ်ဘရုဂျ်အသင်းမှ တောင်ပံကစား သမား ဘူချာနန်အား ဇန်နဝါရီဈေးကွက်အတွင်း ခေါ်ယူဖို့ ပစ်မှတ် ထားလျက်ရှိတယ်လို့ သိရပါတယ်။

# လက်ရှိဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ် ဖရန့်ဖက်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ယခုဘောလုံးရာသီအတွင်း ပထမဆုံးရှုံးပွဲကြုံတွေ့

လက်ရှိဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန် မြူးနစ်အသင်းဟာ ဒီဇင်ဘာ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဖရန့်ဖက်အသင်းနဲ့ ပွဲစဉ် မှာ ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ယခု ဘောလုံးရာသီအတွင်းမှာ ဘွန်ဒက်လီဂါပြိုင်ပွဲ၌ ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့ရပြီ ဖြစ်ပါ တယ်။

ဖရန့်ဖက်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်း တို့ပွဲစဉ်မှာ ဖရန့်ဖက်အသင်းအတွက် သွင်းဂိုး တွေကို ပထမပိုင်း ပွဲကစားချိန် ၁၂ မိနစ်မှာ မာမောက်ရှ်က တစ်ဂိုး၊ ၃၁ မိနစ်နဲ့ မိနစ် ၅၀ မှာ အီဘင်ဘီက နှစ်ဂိုး၊ ၃၆ မိနစ်မှာ လာဆင်က တစ်ဂိုး၊ မိနစ် ၆၀ မှာ ကနောက်ဖ်က တစ်ဂိုး သွင်းယူပေးခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်း အတွက် ချေပဂိုး တစ်ဂိုးကိုတော့ ၄၄ မိနစ်မှာ ကင်မစ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဖရန့်ဖက် အသင်းနဲ့ ပွဲစဉ်မတိုင်မီ ပထမဆုံးယှဉ်ပြိုင် ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ် ၁၂ ပွဲမှာ ပေးဂိုး ကိုးဂိုးသာရှိခဲ့တာဖြစ်ပြီး အခုဖရန့်ဖက်အသင်း နဲ့ ပွဲစဉ်မှာတော့ ငါးဂိုးအထိပေးဂိုးပေးခဲ့ရတာ လည်းဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အခု ဖရန့်ဖက်အသင်းနဲ့ ပွဲစဉ်မှာ ဂိုးမသွင်းနိုင်ခဲ့တာ ကြောင့် အခုဘောလုံးရာသီ ဘွန်ဒက်လီဂါပွဲစဉ် ၁၃ ပွဲမှာ ဂိုးမသွင်းနိုင်တဲ့ တတိယမြောက်ပွဲစဉ် ဖြစ်လာခဲ့ပြီး ဘွန်ဒက်လီဂါပွဲစဉ် ၁၃ ပွဲ ကစား ပြီးချိန်မှာ သွင်းဂိုး ၁၈ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဖရန့်ဖက် အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိ အချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နေတဲ့ လေဗာကူဆင်အသင်းနဲ့ သုံးမှတ်အကွာ အမှတ်ပေးဇယား ဒုတိယနေရာ မှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ဘိုင်ယန် မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိထားတဲ့ အသင်းဖြစ်ပြီး လာမယ့်ပွဲစဉ်မှာ မန်ယူအသင်း နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

# ဂါဇာ၌ အပစ်အခတ်ရပ်စဲရေးအတွက် ပူးပေါင်းကြိုးပမ်းသွားမည်ဟု အီဂျစ်သမ္မတ အယ်လ်စီစီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ကတိပြု

**မော်စကို ဒီဇင်ဘာ ၁၀**

အီဂျစ်သမ္မတ အယ်လ်စီစီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် ပူးပေါင်းကြိုးပမ်းသွားမည်ဟု ယမန်နေ့က ကတိပြုခဲ့သည်။

သမ္မတနှစ်ဦးသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် စိတ်အားထက်သန်စွာ ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးကြသည်။

**ဆွေးနွေး**

ပါလက်စတိုင်းပြဿနာကို တရားမျှတပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုများနှင့် သက်ဆိုင်ရာဆုံးဖြတ်ချက်များနှင့်အညီ လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ တရားဝင်ထူထောင်ရေးနှင့် အသိအမှတ်ပြုရေးတို့ကိုလည်း ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးကြသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ထပ်မံယိုယွင်းလာခြင်းကို ကာကွယ်ရန်အတွက် အပစ်အခတ်ရပ်စဲရေးကို တွန်းအားပေးရန် ကိုင်ရို၏ ဆက်လက်ကြိုးပမ်းအားထုတ်မှုများအပေါ် အီဂျစ်သမ္မတ အယ်လ်စီစီက အလေးပေးပြောကြားသည်။

အီဂျစ်သည် ၁၉၇၉ ခုနှစ်တွင် အစ္စရေးနှင့် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဆယ်စုနှစ်များစွာတိုင် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခတွင် အဓိကကျသော ငြိမ်းချမ်းရေးဖျန်ဖြေပေးသည့်နိုင်ငံဖြစ်သည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ အောက်တိုဘာ ၇ ရက်က ဖြစ်ပွားခဲ့သည့် ပဋိပက္ခမှစပြီး အီဂျစ်သည် ဓားစာခံများ လွတ်မြောက်ရေးနှင့် ပါလက်စတိုင်းနယ်မြေအတွင်း တင်းမာလျက်ရှိသည့်အခြေအနေကို လျှော့ပါးသွားစေရန်အတွက် ကာတာနှင့် အမေရိကန်နိုင်ငံတို့နှင့်အတူ ဖျန်ဖြေရေးကြိုးပမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ကမ္ဘောဒီးယားဝန်ကြီးချုပ်အား အာဏာရပါတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်

**ဖနောင်ပင် ဒီဇင်ဘာ ၁၀**

လက်ရှိအာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ အမြဲတမ်းကော်မတီဝင်တစ်ဦးဖြစ်သည့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်အား ပါတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် ရွေးချယ်ခဲ့ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဆုတ်အိုင်ဆန်က ပြောကြားသည်။

ပါတီ၏ခေါင်းဆောင်သူအရေအတွက် တိုးလာခြင်းသည် ပါတီ၏တိုးတက်မှုကို ထင်ဟပ်စေပြီး နိုင်ငံတစ်ဝန်းတွင် ပါတီဝင်စုစုပေါင်း ၇ ဒသမ ၁ သန်းကျော်ရှိနေပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ဖနောင်ပင်မြို့ရှိ ပါတီဌာနချုပ်တွင် ကျင်းပသည့် ညီလာခံကို လက်ရှိအာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီဥက္ကဋ္ဌ တီမိုဟွန်ဆန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းမှ ဗဟိုနှင့် ဒေသဆိုင်ရာ ပါတီကိုယ်စားလှယ် ၃၆၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားပြည်သူ့ပါတီသည် ကမ္ဘောဒီးယားနိုင်ငံကို ၁၉၇၉ ခုနှစ်ကတည်းက အုပ်ချုပ်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ် ၁၂၅ နေရာရှိသည့်အနက် ကမ္ဘောဒီးယားပြည်သူ့ပါတီက မဲဆန္ဒနယ် ၁၂၀ အထိ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ သားဖြစ်သူ ဟန်းတားဘိုင်ဒင်အား အခွန်တိမ်းရှောင်မှုများဖြင့် စွဲချက်တင်ခံရ

**နယူးယောက် ဒီဇင်ဘာ ၁၀**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏သားဖြစ်သူ ဟန်းတားဘိုင်ဒင်အား အခွန်တိမ်းရှောင်မှု ကိုးမှုဖြင့် စွဲချက်တင်ခဲ့ကြောင်း သိရသည်။

ဟန်းတားဘိုင်ဒင်အပေါ် ယခုစွဲချက်တင်လိုက်သည့် အခွန်တိမ်းရှောင်မှုများအပြင် ဒယ်လာဝဲလ်ပြည်နယ်တွင် စွဲချက်တင်ထားသည့် လက်နက်မှုများဖြင့်ပါ အရေးယူဆောင်ရွက်မည်ဆိုပါက လာမည့်နှစ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် သမ္မတဘိုင်ဒင်၏ ကြိုးပမ်းမှုများအပေါ် အကျိုးသက်ရောက်မှုများရှိလာမည် ဖြစ်သည်။

ဟန်းတားဘိုင်ဒင်အား စွဲဆိုထားသည့်အမှုများတွင် အမှုကြီးသုံးမှုနှင့်အမှုငယ်ခြောက်မှုတို့ပါဝင်ပြီး ၎င်းအမှုများတွင် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အခွန်ထမ်းဆောင်ရန်ပျက်ကွက်မှုနှင့် အခွန်ထမ်းဆောင်ရာတွင် အခွန်ကြေညာလွှာ မမှန်မကန်ပြုမှုများ ပါဝင်သည်။

ဟန်းတားဘိုင်ဒင်သည် ၂၀၁၆ မှ ၂၀၁၉ ခုနှစ်အထိ အနည်းဆုံး ဒေါ်လာ ၁ ဒသမ ၄ သန်းကို အခွန်ပေးဆောင်ရန် ပျက်ကွက်ခဲ့သည်ဟု စွဲချက်တွင်ဖော်ပြထားသည်။

၎င်းအခွန်တိမ်းရှောင်ထားသည့် ငွေများဖြင့် ဇိမ်ခံဟိုတယ်များ၊ ထူးခြားဆန်းပြားသောကားများနှင့် မူးယစ်ဆေးဝါးများဝယ်ယူရန်အတွက် သုံးစွဲခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။


**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

# အမေရိကန်က အစ္စရေးသို့ တင့်ကားသုံးခဲယမ်းမီးကျောက်များ အရေးပေါ်ရောင်းချ

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်အစိုးရက အစ္စရေးသို့ အမေရိကန်ဒေါ်လာ ၁၀၆ သန်းတန်ဖိုးရှိ တင့်ကားသုံး ခဲယမ်းမီးကျောက်များ အရေးပေါ်ရောင်းချမှုအား ယမန်နေ့က အတည်ပြုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးများ အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသည့်အတွက် အရပ်သားသေဆုံးမှုအရေအတွက် မြင့်မားလျက်ရှိသည်။



အမေရိကန် နိုင်ငံခြားရေးဌာနက အဆိုပါ ခဲယမ်းမီးကျောက်များကို ဒီဇင်ဘာ ၉ ရက်တွင် ရောင်းချခဲ့ကြောင်း ကြေညာသည်။

အစ္စရေးသို့ တင့်ကားသုံးခဲယမ်းမီးကျောက်များ ရောင်းချခြင်းနှင့် ပတ်သက်ပြီး အမေရိကန်အစိုးရသည် ပုံမှန်လွှတ်တော်အစည်းအဝေး၏ ထောက်ခံသုံးသပ်မှုကိုပင် ရယူခြင်းမပြုခဲ့ပေ။

နိုင်ငံတော်လုံခြုံရေး အကျိုးစီးပွားကြောင့် ချက်ချင်းရောင်းချရန် လိုအပ်သည့် အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်က ဆိုသည်။

ဂါဇာကမ်းမြောင်ဒေသရှိ အရပ်သားများကို ကာကွယ်ရန် အစ္စရေးတပ်ဖွဲ့ဝင်များအား တိုက်တွန်းထားကြောင်း သမ္မတဂျိုးဘိုင်ဒင်က ပြောကြားလျက်ရှိသော်လည်း အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အများအပြား သေဆုံးလျက်ရှိသည်။

ဘိုင်ဒင်၏ ဒီမိုကရက်တစ်ပါတီမှ နိုင်ငံရေးသမားအချို့က အစ္စရေးသို့ လက်နက်ရောင်းချမှုအပေါ် ပိုမိုစိစစ်ဆောင်ရွက်ရန် တောင်းဆိုလျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ကူညီပေးမည်

**တိုကျို ဒီဇင်ဘာ ၁၀**

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပံ့ပိုးကူညီပေးမည့် စီမံချက်များကို ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အီတိုရှင်တာရိုက ယမန်နေ့တွင် ထုတ်ပြန်ကြေညာသည်။

အီတိုရှင်တာရိုသည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တော်၌ ကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (COP28) သို့ တက်ရောက်စဉ် အထက်ပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ရာသီဥတု အကျပ်အတည်းကို ဖြေရှင်းရန်အတွက် နိုင်ငံတိုင်းသည် စည်းလုံးညီညွတ်ကြရမည် ဖြစ်သော်လည်း နိုင်ငံတိုင်းသည် မတူညီသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်ဟု အစည်းအဝေးမတိုင်မီ အီတိုရှင်တာရိုက ပြောကြားသည်။ ဂျပန်နိုင်ငံသည် အခက်အခဲများကို ဖြေရှင်းရန်အတွက် နည်းပညာ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ပံ့ပိုးပေးရန် မျှော်လင့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံသည် လာမည့်နှစ်တွင် လွှတ်တင်ရန် စီစဉ်ထားသည့် ဖန်လုံအိမ်ဓာတ်ငွေ့ လေ့လာရေးဂြိုဟ်တုမှရရှိသည့် သတင်းအချက်အလက်များကို အသုံးပြုကာ အာရှတစ်လွှားရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအား ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ဝန်ကြီး အီတိုရှင်တာရိုက အစည်းအဝေး၌ ပြောကြားသည်။




အာရှ-ပစိဖိတ်ဒေသတွင် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကိုလည်း ကြေညာခဲ့သည်။ ၎င်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သော သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အပံ့ပေးရန် ရည်ရွယ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ထိုင်းရောက် မြန်မာရွှေ့ပြောင်းလုပ်သားများ ယာယီနေထိုင်အလုပ်လုပ်ခွင့်လျှောက်ထားခမှာ ဘတ် ၃၅၅၀ အများဆုံး ကျသင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ထိုင်းရောက် မြန်မာရွှေ့ပြောင်းလုပ်သားများအတွက်(ပန်းရောင်ကတ်) ယာယီနေထိုင်အလုပ်လုပ်ခွင့်ကတ်လျှောက်ထားရန် အလုပ်သမားတစ်ဦးကို လျှောက်ထားခ အနည်းဆုံး ဘတ် ၂၉၄၀ မှ အများဆုံး ဘတ် ၃၅၅၀ ကျသင့်မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရသည်။

ပြီးခဲ့တဲ့ရက်ပိုင်းက မြန်မာနှင့် ထိုင်းအလုပ်သမားဝန်ကြီးများ ထိုင်းနိုင်ငံတွင် တွေ့ဆုံဆွေးနွေးခဲ့ကြရာ ထိုင်းအစိုးရ၏ဆုံးဖြတ်ချက်အရ ထိုင်းနိုင်ငံတွင် ယာယီနေထိုင်လုပ်ကိုင်ခွင့်(ပန်းရောင်ကတ်)အတွက် အမည်စာရင်းတင်သွင်းခဲ့သည့် မြန်မာအလုပ်သမားများကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ ထိုင်းနိုင်ငံ၌ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းမြန်မာလုပ်သားများအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မတိုင်မီ ပန်းရောင်ကတ်ပြုလုပ်ရန် Work Permint လျှောက်ထားခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံဝယ်ယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

Work Permint လျှောက်ထားခြင်းအတွက် အလုပ်သမားတစ်ဦးလျှင် ဘတ် ၁၄၅၀၊ ကျန်းမာရေးစစ်ဆေးခြင်းအတွက် ဘတ် ၅၀၀ နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ တစ်နှစ်အာမခံအတွက် ဘတ် ၁၆၀၀ (သို့မဟုတ်) ပုဂ္ဂလိကကုမ္ပဏီမှ ခြောက်လအာမခံအတွက် ဘတ် ၉၉၀ နှင့် လူမှုဖူလုံရေး အာမခံစနစ် အကျုံးမဝင်သည့်သူများသည် တစ်နှစ်အာမခံကို ဝယ်ယူရမည်ဖြစ်ကြောင်းသိရပြီး ကုန်ကျစရိတ်စုစုပေါင်းအတွက် အလုပ်သမားတစ်ဦးလျှင် အနည်းဆုံး ဘတ် ၂၉၄၀ မှ အများဆုံး ဘတ် ၃၅၅၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။



မြန်မာအလုပ်သမား သံအရာရှိရုံးအနေဖြင့် လက်ရှိအချိန်တွင် ထိုင်းနိုင်ငံ၌ မြန်မာလုပ်သားများအတွက် (CL)ထုတ်ပေးရေးစခန်း ငါးခုအပြင် ရွှေ့ပြောင်းကာ (CL)ထုတ်ပေးနိုင်မည့် Mobile Team သုံးခု ဖွင့်လှစ်နိုင်ရန်လည်း ဆောင်ရွက်နေကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရသည်။ **MT**

# မွန်ပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၁၀

မွန်ပြည်နယ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများအပါအဝင် အခြားလုပ်ငန်းကဏ္ဍများတွင် စက်သုံးဆီပြတ်လပ်မှု မရှိစေရေးအတွက် မွန်ပြည်နယ် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ဆီဆိုင်များအနေဖြင့် ဆီဈေးနှုန်း အတက်အကျပေါ်မူတည်၍ ရောင်းချရန်၊ သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချမှုမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများပြည်သူအနေဖြင့် စက်သုံးဆီပြတ်လပ်နေပြီဆိုသည့် ကောလာဟလသတင်းများအပေါ် မယုံကြည်ကြရန်နှင့် စက်သုံးဆီအရောင်းဆိုင်များတွင် မိမိလိုအပ်သလောက်သာ ဝယ်ယူဖြည့်တင်းကြရန် အသိပေးလိုကြောင်း၊ စက်သုံးဆီများကို လိုအပ်သည်ထက်ပိုမိုဝယ်ယူပြီး တရားမဝင်သိုလှောင်ထားခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ အခေါက်ခေါက် တန်းစီဝယ်ယူခြင်းမျိုး မပြုကြရန် မိမိတို့လိုအပ်သလောက်ကိုသာ စိတ်အေးချမ်းသာစွာ ဝယ်ယူသုံးစွဲကြစေလိုကြောင်း၊ တရားမဝင်သိုလှောင်ထားရှိပြီး တစ်ဆင့်ပြန်လည်ရောင်းချခြင်းသည် ဥပဒေနှင့်မညီသည့်အပြင် မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်စရာဖြစ်သည့်အတွက် မိမိအကျိုးစီးပွားကြောင့် အများပြည်သူ ထိခိုက်နစ်နာမှုမရှိစေရန် မေတ္တာရပ်ခံလိုကြောင်း၊ မွန်ပြည်နယ်အတွင်း စက်သုံးဆီပြတ်လပ်မှု မရှိစေရေးနှင့် ဆီတင်သွင်းခွင့်ရရှိသည့် လုပ်ငန်းရှင်များအနေဖြင့် အမြန်ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များရှိပါက တင်ပြကြရန်၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိ (မွန်ပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး) ဦးသန်းထွေးက မွန်ပြည်နယ်အတွင်း တရားဝင်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီဆိုင်များ၏ နေ့အလိုက် ဆီခွဲတမ်းရရှိမှု၊ ရောင်းချနေမှုများ၊ ဆီကန်များ၌ ဆီသိုလှောင်ထားရှိမှု၊ မြေပြင်၌ စက်သုံးဆီလက်ကျန်ထားရှိမှု အခြေအနေများ၊ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွန်ပြည်နယ် အသေးစားနှင့် အလတ်စားစက်သုံးဆီဆိုင်ရာ လုပ်ငန်းများကော်မတီနှင့် စက်သုံးဆီ တင်သွင်း၊ ဖြန့်ဖြူးရောင်းချရေးအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဝင်များနှင့် ပြည်နယ်ဝန်ကြီးများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

○ **MNL မှ**

ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ မဟာယူနိုက်တက်အသင်းမှာမူ ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အဆင့်(၄/၅)နေရာလုပွဲတွင် ပြန်လည်ပါဝင်နိုင်ခဲ့သည်။

နှစ်သင်းစလုံး နိုင်ပွဲရရှိရေးအတွက် ကြိုးစားကစားသော်လည်း မဟာယူနိုက်တက်အသင်းက ပထမပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၃၄ မိနစ်တွင် အောင်လှိုင်ဝင်းက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရရန် ကြိုးပမ်းသော်လည်း အဆုံးသတ်အားနည်းခြင်း၊ မဟာယူနိုက်တက်အသင်းသည် ခံစစ်အမှားမရှိခြင်းကြောင့် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းနောက်ခံလူ တိုးဆက်နိုင်က ရရှိသည်။

ရွှေ့ဆိုင်းထားသော ပွဲစဉ်(၁၆)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၉ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ရန်ကုန်အသင်းက ရမှတ် ၅၀ ဖြင့် ဒုတိယ၊ ဟံသာဝတီအသင်းက ၃၇ မှတ်ဖြင့် တတိယနေရာရရန် သေချာခဲ့သည်။ ယင်းအသင်းများနောက်တွင် အား/ကာသိပ္ပံအသင်းက ၂၉ မှတ်၊ ဒဂုံစတားနှင့် မြဝတီအသင်းက ၂၈ မှတ်စီ၊ မဟာယူနိုက်တက်အသင်းက ၂၇ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၆ မှတ်၊ ရှေ ာဝတီအသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၃ မှတ် ရရှိထားကာ ၁၂ မှတ်ရထားသည့် GFA အသင်းနှင့် ၁၀ မှတ်ရထားသည့် ကချင်ယူနိုက်တက်အသင်းတို့မှာ တန်းဆင်းရပြီဖြစ်သည်။ ယခုရာသီ MNL ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲစီသာကစားရန် ကျန်ရှိတော့သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

## ညောင်ရွှေမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ညောင်ရွှေ ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ် ညောင်ရွှေမြို့ မြို့မ မင်္ဂလာဈေးအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မျိုးလှိုင်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြသသည်။ ထို့နောက် ဈေးသူဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် တာဝန်ရှိသူများက ဈေးဆိုင်ခန်းများအတွင်း မီးသုံးစွဲရောင်းချနေမှုများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၇)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်(1-A)၊ အခန်း(1804)၏ အမည်ပေါက် ဦးစိုးတင့်[၉/မရမ(နိုင်)၀၆၃၃၈၃]သည် (၁-၉-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး Ower Book မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်စန္ဒာ[၉/မရမ(နိုင်)၀၆၃၀၇၇]က Owrer Book မိတ္တူမှ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**


**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**


**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၄)၊ ဦးပိုင်အမှတ်-၆၁(ခဲစင်း)၊ ၅၀x၅၁လမ်းကြား၊ ၁၁၀x ၁၁၁ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးစောဒေးဗစ်ကီးဖိုး (ခ) ဦးစောဒေးဗစ်ဘီးဖိုး [၉/မရမ(နိုင်)၀၆၈၆၀၅]၏ (GP ရသူ ဦးညီဝင်းစိန်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်- ၅၉၄၃/ ၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၅၆၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်နှင့် ယင်းမြေပေါ်ရှိ အမှတ်-၅၆၊ အင်ကြင်းလမ်း၊ ၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်ယုယုဝင်း [၁၂/စခန(နိုင်)၀၃၆၄၂၉]က မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးဝင်းထိန်(ငြိမ်း)
## အသက်(၈၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၃၈-လမ်း၊၅၇x၅၈လမ်းကြားနေ ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်(ငြိမ်း)သည် ၉-၁၂-၂၀၂၃ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(36)မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် (၅၆၀)၊ မြေအကျယ်ပေ(၄၀ x ၆၀)ပေရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးပြည့်အမည်ဖြင့် နေထိုင်ခွင့်ချပေးထားသော စလစ်မြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လွှဲပြောင်းဝယ်ယူလက်ရှိထား ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဦးအောင်အောင်[၁၀/မလမ(နိုင်)၀၀၀၃၃၃]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော စာမှတ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲလင်းထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၄၂၄၃၇)**
**အမှတ် (၃၂၂)၊ ပထမထပ်၊ အောင်တံခွန်လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၆၁၁၈၈၀၅၊ ၀၉-၄၂၁၇၄၃၃၇၆၊ ၀၉-၂၅၂၆၈၅၈၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၁အေ၊ မြေကွက်အမှတ်-V ပဥ္စမတန်းစား 32၊ မြေကွက်တည်နေရာအမှတ်(၄၁)၊ (၁၈)လမ်း၊ (၁)ရပ်ကွက်၊ လသာ Ong Kin Sein(a)Ko Sein အမည်ပေါက် မြေပိုင် မြေအား အမည်ပေါက် ဖခင်ဖြစ်သူ Ong Kin Sein(a)Ko Sein သည် ၉-၃-၁၉၉၃ ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်တန်ဘိလျှံ(ခ)ဒေါ်ကျင်မြိုင်သည် ၂၅-၁၂-၁၉၉၇ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန် သဖြင့် ကျန်ရစ်သူ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်အုံးအွန်ကျီ [၁၂/လသန(နိုင်)၀၀၃၀၀၅]မှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် တစ်ဦးတည်းသော သမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန် လွှာ(၂)စောင်၊ မိခင်၊ ဖခင်တို့၏ သေစာရင်း (၂)စောင်၊ မှတ်ပုံတင် အမည်ပေါက်စာချုပ်များ တင်ပြထားပြီးဖြစ်ပါသည်။ မြေစာရင်း မှတ်ချက်(၂)ရှိ ဒေါ်ပုကြူ(ခ)ဒေါ်နီနီအောင်၏ ကန့်ကွက်ချက်နှင့် ပတ်သက်၍ ဒေါ်အုံးအွန်ကျီမှ မည်သို့မျှ ဆက်နွှယ်ခြင်း၊ ပတ်သက်ခြင်း မရှိကြောင်းနှင့် မသိကြောင်း ဝင်စာအမှတ်-၇၃၅၈ (၇-၇-၂၀၂၃)ဖြင့် ရှင်းလင်းတင်ပြ၍ (ပိုင်ဆိုင်+အရောင်း)မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနလမ်းနှင့်ဂန္ဓမာလမ်းထောင့်၊ တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၂၀၃)၊ ပထမထပ်၊ (မျက်နှာမူလျှင်ဝဲဘက်)ဟုခေါ်တွင်သည့် အကျယ်အဝန်း(၂၉ ½ x၆၆)ပေရှိ တိုက်ခန်းနှင့် အဲယားကွန်း(၁)လုံး ကိုယ်ပိုင်မီတာ၊ ရေမော်တာ စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ခင်ညွန့်[၁၂/လမတ(နိုင်)၀၀၀၃၆၂]**က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ်(၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ်-၁၉၊ ၆လွှာ(ဘီ)၊ ခြေရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေးအောင်[၅/စကန(နိုင်)၀၁၈၇၃၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ၁။ဦးကျော်မင်းထွန်း [၁၂/ဒပန(နိုင်)၀၅၇၄၉၅]၊ ၂။ဒေါ်ဖြိုးဝေမွန်[၁၂/လကန(နိုင်)၁၈၁၈၂၃]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်-၁၂၈၁၈/ ၂၀၁၇ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာစိုးတင် (ဗိုလ်မှူး-ငြိမ်း)
## အသက် (၈၇)နှစ်

ဦးသူရစိုး[ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စိုက်ပျိုးရေးဦးစီးဌာန)]၏ ဖခင် ဒေါက်တာစိုးတင်(ဗိုလ်မှူး-ငြိမ်း) အသက်(၈၇)နှစ်သည် ၈-၁၂-၂၀၂၃ (သောကြာနေ့) ညနေ ၆:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်း ကြေကွဲရပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက် အမှတ်(၅၁၄/၁၀)၊ ဦးပိုင်အမှတ်(၆၉)၊၅၈လမ်း၊ ၂၅x၂၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မျိုးဦး၊ ဒေါ်မိုးနီလာတို့(၂)ဦးအနက်၊ ခင်ပွန်းဖြစ်သူ ဦးအောင်မျိုးဦးကွယ်လွန်၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၉၄၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်မိုးနီလာ [၉/မကန(နိုင်)၀၀၀၄၁၆]က အမှုတွဲအမှတ်-၅၉၃၃/၂၀၂၃-၂၀၂၄ ဖြင့်အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၅၅၁)၊ မြေဧရိယာ(အလျားပေ ၄၀ x အနံပေ ၆၀)၊ အကျယ်အဝန်းရှိ ဦးအေးသိန်း(CF-080981)အမည်ပေါက် မြေချပါမစ် မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း (ဗလမင်းထင်လမ်းမှ မျက်နှာမူကြည့်လျှင် လက်ဝဲဘက်ခြမ်း)၊ မြေဧရိယာ အလျားပေ ၂၀ x အနံပေ ၆၀ အကျယ်အဝန်းရှိ မြေကွက်သက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ် အဆက်အဆက်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး တစ်ဆင့်လွှဲ ပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ခင်စန္ဒာလင်း[၁၀/မလမ(နိုင်)၁၆၉၆၀၃]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူပြီးဖြစ်၍ ကျွန်တော်က ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်လိုသူမည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ စာချုပ်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးဝင်းနိုင်(ခ)လျှိုကျွမ်းတယ်**
**[၁၂/လမတ(နိုင်)၀၀၀၈၂၇]**
**ဖုန်း-၀၉-၅၁၇၄၀၅၅၊ ၀၉-၂၅၄၀၀၉၀၁၈**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေဆုပိုင်သက် [၁၂/အစန(နိုင်)၁၆၅၉၅၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ စစ်ကိုင်းပန်းခြံလမ်း၊ အမှတ်(၈၁/က)၊ အကျယ်ပေ (၂၀ x ၆၀) ပေ ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ အုတ်နံကပ် တစ်ထပ်အိမ်တစ်လုံးတို့မှာ အမွေပုံ ပစ္စည်းဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ၏ သဘောတူညီမှုမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို မပြုလုပ်ပါရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်မေဆုပိုင်သက်၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဆုပိုင်သက် [၁၂/အစန(နိုင်)၁၆၅၉၅၈]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါထွန်း (စဉ်-၁၆၀၆၃)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်-၄၅/၅၃၊ အခန်း-၀၀၄၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကျွန်းချောင်း(၁)လမ်း၊ ကမာရွတ်မြို့နယ်။ ဖုန်း-၀၉-၄၀၀၅၂၄၁၀၇**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## အင်းစိန်ခရိုင်တရားရုံး၌
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁၈

ဒေါ်ခင်ပြုံးဝင်း နှင့် ၁။ ဒေါ်ရွှေစင်
၂။ ဒေါ်စန္ဒာဝင်း
၃။ ဦးကျော်မိုးသူ

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

ရန်ကုန်တိုင်းဒသကြီး၊ အင်းစိန်မြို့ နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(A-7) ရပ်နေ လျှောက်ထားခံရသူ(၂)ဒေါ်ရွှေစင်နှင့် လျှောက်ထားခံရသူ(၃) ဦးကျော်မိုးသူ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်ခင်ပြုံးဝင်းက ဤရုံးသို့ " တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်း - ၅၈အရ ဝရမ်းခွာပေးစေလိုမှု" လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် (၁၃၈၅ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
အမိန့်ဆင့်စာခလွှတ်။

**(အောင်ဇေယျာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ဦးကောင်းဇော်ညွှန့်
## အသက်(၄၇)နှစ်

ချစ်လှစွာသောခင်ပွန်း ဦးကောင်းဇော်ညွှန့်သည် ၄-၁၂-၂၀၂၃(တနင်္လာနေ့)နံနက်တွင် (၉၆)ပါးဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအတိုင်း ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီး၍ ကွယ်လွန်သူ၏ဆန္ဒ သဘောထားအတိုင်း ကိစ္စအဝဝတို့ကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ နာရေးကိစ္စ ကူညီကြသူများကို အထူးကျေးဇူးတင်ပါသည်။

**ကျန်ရစ်သူ**
**ချစ်ဇနီး ဒေါ်ဂျူလိုင်ကျော်**

## "ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ မြေကွက်အမှတ်(၄၉၆)ရှိ အလျား(၄၀)ပေxအနံ(၆၀)ပေ ကျယ်ဝန်းသော မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဦးဝင်းနိုင် အမည်ဖြင့် မှတ်သားတည်ရှိနေသည့် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်ထွေး [၁၂/ဒဂတ(နိုင်)၀၉၄၉၂၅]မှ လက်ရောက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသီရိကျော် [၁၂/သဃက(နိုင်)၁၆၃၂၇၃]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှထွေး (LL.B , D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၅၇)**
**အမှတ်(၄၄၆/B)၊ ဓမ္မာရုံလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၄၁၀၀၉၁**

## "ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆) ရပ်ကွက်၊ မြေကွက်အမှတ်(၁၉၇၁)ရှိ အလျား(၄၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ ကျယ်ဝန်းသော မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဦးတင်ဝင်းအမည်ဖြင့် မှတ်သားတည်ရှိနေသည့် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]မှ လက်ရောက် ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသီရိကျော် [၁၂/သဃက(နိုင်)၁၆၃၂၇၃]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှထွေး (LL.B , D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၅၇)**
**အမှတ်(၄၄၆/B)၊ ဓမ္မာရုံလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၄၁၀၀၉၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်-၅၈၉-က၊ ဦးပိုင်အမှတ်(ခ-၁၃၉)/ရန်-မန်းလမ်း၊ အနောက်ဘက်၊ မေဇင်သိန်းလမ်းနှင့်မုံရွေးကျောင်းလမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဇနီး ဒေါ်ခင်ဝင်းကြည်(ခ)မွှေးမွှေး ကွယ်လွန်၍ကျန်ရစ်သူ ခင်ပွန်း ဦးဇော်မင်း[၉/မရမ(နိုင်) ၀၃၇၆၄၇]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ-ရပ်ကွက်၊ အကွက်အမှတ်-အ-၅၊ ဦးပိုင်အမှတ်(၂၉)/၆၈ Bလမ်း၊ ၁၁၈x၁၁၉လမ်းကြားရှိ ဒုတပ်ကြပ်မောင်ငွေအမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်း ဦးမောင်ငွေကွယ်လွန်၍ကျန်ရစ်သူ ဇနီး ဒေါ်မြင့်မြင့်သိန်း[၉/အမရ(နိုင်)၀၀၅၄၆၃]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**


## သွေးသည် အသက်

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

# လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းကို အထောက်အကူဖြစ်စေသလို ငြိမ်းချမ်းရေးသည်လည်း နိုင်ငံသားများ လူ့အခွင့်အရေးများ အပြည့်အဝခံစားခွင့်ရရှိရေးအတွက် မရှိမဖြစ်လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းကို မဟာယူနိုက်တက်အသင်း အနိုင်ယူ



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နိုင်ငံတကာပြိုင်ပွဲကြောင့် ရွှေ့ဆိုင်းထားသည့် ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆) နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၀ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ မဟာယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယမန်နေ့က ကစားသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဖြစ်သွားသောကြောင့် ဒုတိယနေရာရရန် သေချာသွားခဲ့သည့် ရန်ကုန်အသင်းသည် မဟာယူနိုက်တက်အသင်းကို မထင်မှတ်ဘဲ အရေးနိမ့်ပြီး ယခုရာသီ တတိယမြောက်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❍

### ယနေ့ ဖတ်စရာ


**စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့**
ဆောင်းပါး စာမျက်နှာ » ၁၂

**မာရှယ်လ်နဲ့ ဆန်ချိုရဲ့နေရာကို အစားထိုးရန် အိုပင်ဒါကို ခေါ်ယူရေး မန်ယူအသင်း ပစ်မှတ်ထား**
စာမျက်နှာ » ၂၅

**ဂျပန်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ကူညီပေးမည်**
စာမျက်နှာ » ၂၆